# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၀)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၃ ရက် ၊ ၂၀-၃-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး ပေါင်း ၅၀၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက မန္တလေးတိုင်းဒေသကြီး အတွင်းရှိ PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။ **စာမျက်နှာ ၄ သို့**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ် ၊ မတ် ၂၀ ရက် ၊ သောကြာနေ့။

## မိတ်ဆွေကောင်းသဖွယ် ကူညီသည့် စာအုပ်၊ စာပေ ဖတ်ရှုလေ့လာနေရမည်

စာပေဆိုသည်မှာ လောကလူသားများအား အသိအလိမ္မာ တိုးပွားရာ တိုးပွားကြောင်း လမ်းညွှန်ပြသပေးလျက်ရှိသည်။ စာပေဖတ်ရှုသူသည် အကောင်းအဆိုး၊ အကြောင်း၊ အကျိုးများကို ဉာဏ်ဖြင့် ဆင်ခြင်နိုင်မည်ဖြစ်သည်။ ယနေ့ လူငယ်များသည် ဆင်ခြင်ဉာဏ်ကြီးမားသည့် လူတော်လူကောင်းများဖြစ်လာစေရန် အသိအလိမ္မာများ တိုးပွားရာလမ်းညွှန်ပြသပေးနိုင်သည့် စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာရမည်ဖြစ်သည်။ အသိဉာဏ်ရှိသူသည် အမှားများ မကျူးလွန်မိစေရန် ဆင်ခြင်ဉာဏ်ဖြင့် ထိန်းချုပ်ကြရမည်ဖြစ်သည်။

လူကို စိတ်က အုပ်စိုးသည်။ စိတ်ကို အသိဉာဏ်က အုပ်စိုးသည်။ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုးသည်ဟူသော ဆိုရိုးစကားကဲ့သို့ အသိဉာဏ်ပြည့်စုံမှု၊ ဆင်ခြင်ဉာဏ်ပြည့်စုံမှုများကို စာပေက ပေးစွမ်းနိုင်သဖြင့် စာအုပ်၊ စာပေတို့ကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။

အတားအဆီး အခက်အခဲ လိုင်းဂယက်များ ထန်သော ဘဝပင်လယ်၌ သစ္စာအရှိဆုံး၊ အကူအညီအရဆုံး အသံတိတ်မိတ်ဆွေမှာ စာအုပ်၊ စာပေဖြစ်သည်။ ဝမ်းနည်းမှုနှင့် အားငယ်နေချိန်တွင် စိတ်ခွန်အားဖြည့်ဆည်းပေးသောမိတ်ဆွေမှာ စာအုပ်၊ စာပေဖြစ်သည်။ စာအုပ်၊ စာပေများသည် အသိအလိမ္မာများ ကိန်းဝပ်နေပြီး ခပ်ယူသုံးစွဲကာ မကုန်ခန်းနိုင်သော အလိမ္မာစမ်းရေတွင်းကြီးနှင့်တူလှသည်။ စမ်းရေတွင်းကြီးသည် သောက်သုံးသူများ၏ စိတ်နှလုံးကို ကြည်လင်လန်းဆန်းစေပြီး အပူအဆာ ငြိမ်းအေးစေသည်။

လောကတွင် သင်ဆရာ၊မြင်ဆရာ၊ကြားဆရာဟူ၍ ဆရာအမျိုးမျိုးရှိသည့်အနက် စာပေသည် မြင်ဆရာတစ်မျိုးဖြစ်သည်။ စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာမည်ဖြစ်သည်။ အတွေးအခေါ် အယူအဆမှန်ကန်လာမည်ဖြစ်သည်။

စာအုပ်၊ စာပေများသည် ဖတ်ရှုလေ့လာသူများကို ရသအနှိသင်ပေးပြီး စိတ်နှလုံးကို ကြည်လင်အေးမြစေသည်။ စာဖတ်ခြင်းကြောင့် လောဘ အနှောင်အဖွဲ့ကို မြင်စေ၏။ ဒေါသအချုပ်အနှောင်ကို သိစေ၏။ မာနသံကွန်ချာလှောင်အိမ်ကို တွေ့စေ၏။ စာပေအလင်းဖြင့် လောကအမှောင်ခွင်းသည်။ စာပေတန်ခိုးဖြင့် လူမျိုးဂုဏ်ကို တင့်စေသည်။ စာပေရနံ့ဖြင့် လူ့စွမ်းအားသယံဇာတကို မြင့်မားရေး အလို့ငှာနိုင်ငံတစ်ဝန်းကျေးလက်များအထိ စာကြည့်တိုက်များ တည်ထောင်ပြီး အသိပညာဗဟုသုတရစေရေး ဖော်ဆောင်လျက်ရှိသည်။

စာအုပ်၊ စာပေတို့ကို ဘဝတစ်လျှောက်လုံး မြတ်နိုးတွယ်တာ တန်ဖိုးထားလျက် ထာဝရယှဉ်တွဲ ရှင်သန်နေထိုင်ရန်အတွက် ယခုမှစတင်ကာ မိတ်ဆွေကောင်းသဖွယ် ကူညီမည့် စာအုပ်၊ စာပေဖတ်ရှုလေ့လာနေရမည်ဖြစ်သည်။

စာပေသည် လောကလူသားများ၏ဘဝကို အလင်းပေးစွမ်းနိုင်သော အဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဖြစ်သည်။ ဖတ်ရှုနိုင်ရန် စာအုပ်ကောင်းများစွာရှိသော်လည်း ထိုစာပေများကို မဖတ်ရှုပါက အသိပညာဗဟုသုတ မကြွယ်ဝသဖြင့် အကျိုး၊ ဆုတ်ယုတ်မှုများစွာဖြင့် တွေ့ကြုံရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိတ်ဆွေကောင်းသဖွယ် ကူညီသည့် စာအုပ်၊ စာပေဖတ်ရှုလေ့လာနေရမည်ဖြစ်ပြီး စာပေဖတ်ရှုသည့် အလေ့အထကို ငယ်စဉ်မှ စတင်ပျိုးထောင်ရခြင်းဖြစ်ရာ အိမ်မှာ မိဘတို့က အားပေးရန် လိုအပ်သကဲ့သို့ ကျောင်းမှာလည်း စာပေဖတ်ရှုလေ့လာရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးထားရန်လိုသည်။ စာအုပ်၊ စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်ရန် ဆရာ၊ ဆရာမများက ရှင်းလင်းပြောကြားပေးကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူတိုင်း စာဖတ်သူများ ဖြစ်လာစေရန်လည်း အားပေးတိုက်တွန်းနေရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## Artificial Intelligence နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြော

**မန္တလေး မတ် ၁၉**

Artificial Intelligence နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂နာရီခွဲက မြို့တော်ခန်းမတွင် ကျင်းပသည်။

ရွှေဦးစွာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးနေဝင်းအောင်က AIအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။ **(ယာပုံ)**

အဆိုပါ AI နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြောပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာန ၁၄ ဌာနမှ ဝန်ထမ်းအင်အား ၂၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ မတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ မြို့ပေါ်နှင့် ကျေးရွာအုပ်စုအတွင်း လူနေထူထပ်သည့် ရပ်ကွက်များ၊ တဲအိမ်များ၊ ကျေးရွာလူနေအိမ်များအား ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဖြိုးဝေဇော်၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်းတာ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် သန္ဓေ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်၊ လမ်းဦးစီးဌာန၊ လျှပ်စစ်ဌာန ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်များဖြင့် လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရန် လူနေထူထပ်သည့် ရပ်ကွက်များ၊ တဲအိမ်များနှင့် ကျေးရွာများအတွင်း မီးသတ်ယာဉ် အလွယ်တကူ ဝင်၊ ထွက်နိုင်စေရေး၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားမှု စနစ်တကျ ရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် ၂၀၂၆ ခုနှစ် (၅၂) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖတ်ကြားစဉ်။

နေပြည်တော် မတ် ၁၉

၂၀၂၆ ခုနှစ် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)နှင့် ပြည်နယ်ခန်းမတို့၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ချီးမြှင့်သည်။

သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

### သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် ၂၀၂၆ ခုနှစ် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖတ်ကြားသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### မှတ်တမ်းဓာတ်ပုံရိုက်

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆုများဖြစ်ကြသည့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီးပွားရေး ထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာဖွင့်ပွဲအခမ်းအနားတက်ရောက်၍ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဖဲကြိုးဖြတ်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စင်တာမုခ်ဦးကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များက စင်တာကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ စင်တာအတွင်းရှိ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ တိုင်းရင်းသားရိုးရာနေအိမ်များနှင့် ယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် သမိန်ဗရမ်း (ဘက်စုံသုံးကွင်း) ၌ ကျင်းပသည့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးလေဝသ အခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဧလ

○ ရှေ့ဖုံးမှ

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်မျိုးစုံ ၇၈ လက်နှင့် လက်ပစ်ဗုံး/ဗုံးသီး ၃၈ လုံး၊ စကားပြောစက် သုံးလုံး၊ ကျည်အိမ်မျိုးစုံ အခု ၅၀၊ ကျည်မျိုးစုံ ၃၃၆၂ တောင့်၊ မိုင်းမျိုးစုံ ၁၄ လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးအုပ် ငါးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်း၊ RPG တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်းနှုန်း၊ လက်လုပ်သေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်း၊ လက်ပစ်ဗုံး/ဗုံးသီး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာအင်္ကျီတစ်ထည်လျှင် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာဦးထုပ်တစ်လုံးလျှင် ဆုကြေးငွေကျပ်နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၀၀၀ ခန့်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့တွင် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား သုံးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား လေးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား ကိုးဦး၊ ရမည်းသင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၃၁ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား သုံးဦး၊ တောင်တွင်းကြီး မြို့နယ်မှ အမျိုးသား သုံးဦးဖြစ်၍ အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများ အား ဆုကြေးငွေ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဘယ်လိုဖြစ်ပြီး ဝင်ဖြစ်သွားတာလဲဆိုရင်တော့ ကျွန်တော် နေပြည်တော်မှာ အလုပ်လုပ်နေရင်း ကနေပြီးတော့မှ သူငယ်ချင်းက ဖုန်းဆက်ပြီး လှမ်းခေါ်တာပေါ့နော်။ လာခဲ့၊ ဒီမှာ လစာတွေကောင်းတယ်၊ အစစအရာရာ အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်။ ဘာမှ လိုလေသေးမရှိစေရဘူးဆိုပြီး သူခေါ်ရာကနေမှ အကြမ်းဖက် အဖွဲ့အစည်းထဲ ရောက်သွားတာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့မှ ကျွန်တော် သင်တန်း သုံးလတက်ခဲ့ရပါတယ်။ သင်တန်း သုံးလ တက်တဲ့အချိန် အတွင်းမှာဆိုရင်လည်း ဆေးဝါးတွေဆိုရင်လည်း လုံလောက်မှု မပေးဘူးပေါ့နော်။ စားတဲ့ ထမင်းတွေထဲမှာဆိုရင် သူတို့က ခဲယမ်းတွေ၊ ဓာတ်ဆီတွေ အဲဒီလိုမျိုး ထည့်ကျွေးတယ်။ အဲဒီလိုမျိုး ထည့်ကျွေးတဲ့ အခါကျတော့ သင်တန်းက ပင်ပန်းတဲ့အချိန်နဲ့ စားတဲ့အခါမှာ အဆင်မပြေတဲ့အခါကျတော့ တချို့တွေဆိုရင်ဖျားကြတယ်။ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်ကြတယ်။ ဒီလိုအခါမျိုးကျလို့ရှိရင် သူတို့က ဆေးခန်းသွားပြရင် နင်တို့က အစားအသောက်မှ မဆင်ခြင်တာ၊ ဒီလိုမျိုးတွေ ဖြစ်မှာပေါ့ဆိုပြီး ပစ်ထားတယ်။ မကုပေးဘူး။

တချို့တွေ ကျတော့လည်း ဒဏ်တွေမခံနိုင်လို့ ပြေးကြတယ်။ ပြေးတဲ့သူတွေ ဆိုရင်လည်း လမ်းမှာတင် ပစ်သတ်တယ်။ တချို့တွေဆို ပြန်ဖမ်းလာမိတဲ့ လူတွေဆိုရင်လည်း သူတို့တွေက လူတွေချုပ်ပြီးတော့မှ ရိုက်ကြတယ်။ တချို့ဆို တင်ပါးတွေ သွေးတွေထွက်တယ်။ ပါးတွေဆိုလည်း ပါးစပ်ထဲကနေ သွေးတွေထွက်တဲ့အထိ အဲဒီလိုမျိုးရိုက်တယ်။ ကျွန်တော်တို့ သင်တန်းက နေဆင်းပြီးတော့ ပြည်သူ့ဆက်ဆံရေးဌာနမှာ တာဝန်ထမ်းဆောင်ရတယ်။ ပြည်သူ့ဆက်ဆံရေးဌာနမှာဆိုရင် ကျွန်တော်တို့ လမ်းတွေမှာ ဂိတ်တွေစောင့်ခဲ့ရတယ်ပေါ့။ ဂိတ်တွေ စောင့်တဲ့အချိန်မှာဆိုရင် ဖမ်းဆီးရေးတွေ လိုက်ရတယ်။ ဖမ်းဆီးရေးတွေလိုက်တဲ့အခါမှာ ဆေးမှုတွေလိုက်ဖမ်းတယ်။ ဆေးမှုတွေ လိုက်ဖမ်းတဲ့ အချိန်မှာဆိုလည်း ဆေးတွေရလာတယ်။ ဆေးတွေရလာတယ်ဆိုရင် သူတို့ဘာသာ သူတို့ ပြန်သုံးတယ်။ ပြီးရင် အပြစ်မရှိတဲ့ ပြည်သူတွေကို ဖမ်းလာတယ်၊ ရိုက်တယ်၊ နှက်တယ်၊ အချုပ်ချထားတယ်၊ ပြီးရင် ပိုက်ဆံတွေ တောင်းတယ်။

ရွှေလုပ်ကွက်တွေ ပေါ့နော်။ ရွှေလုပ်ကွက်ဆိုရင်လည်း စဉ့်ကူးနယ်မြေထဲမှာ ရွှေလုပ်ကွက် ၁၄ ကွက်ရှိတယ်။ ၁၄ ကွက်လုံးကို အကြမ်းဖက်အဖွဲ့အစည်းကနေ ပြီးတော့မှ လက်ဝါးကြီးအုပ်ထားတယ်။ ၁၄ ကွက်ထဲကို ဘယ် ပြည်သူ့ကိုမှ၊ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ သူတို့က အဝင် မခံဘူး။ ဝင်တဲ့သူတွေဆိုရင်လည်း ရိုက်တယ်၊ နှက်တယ်၊ ပြီးလို့ရှိရင် ဖမ်းတယ်၊ အချုပ်ချထားတယ်။ တချို့တွေဆိုရင် ခေါင်းတွေ ရေနွေးပူနဲ့ လောင်းခံရတယ်။ အဲဒီလိုမျိုးတွေတောင် ရှိခဲ့တယ်။ တပ်မတော်က စဉ့်ကူးနယ်ဘက်ကို ပြန်ပြီးတော့ ထိန်းချုပ်တဲ့အခါမှာ ပြည်သူတွေ လုပ်ကိုင်စားသောက်ဖို့အတွက်ဆိုပြီး ရွှေလုပ်ကွက်ကို ဘယ်နှကွက်၊ ဘယ်နှကွက်ဆိုပြီး ပြန်ချပေးတာမျိုးရှိတယ်။ အကြမ်းဖက်အဖွဲ့အစည်းကျတော့ အဲဒီလိုမျိုးမဟုတ်ဘူးဗျ။ သူတို့က ဒီဟာကို ငါတို့ပဲ အပိုင်သိမ်းမယ်၊ ဘယ်သူမှ လာဝေယူလို့မရဘူး အဲဒီလိုမျိုးတွေပေါ့။

အင်းလုပ်တယ်ပေါ့။ အင်း လုပ်တယ်ဆိုရင်လည်း သူတို့က တစ်လကို ၁၀ သိန်း တောင်းတယ်။ မပေးနိုင်တဲ့သူဆိုရင် ရိုက်တယ်၊ အဲဒီလိုမျိုးတွေ လုပ်တာပေါ့နော်။ ပြီးလို့ရှိရင် ကျွန်တော် အဲဒီမှာမှ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ ဒီရဲဘော်လုပ်တဲ့ကာလ အတွင်းမှာဆိုရင်လည်း ရဲဘော် အချင်းချင်းဆိုရင်လည်းဗျာ သူတို့တွေက မထီမဲ့မြင်နဲ့ ပြောတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ အထက်က တာဝန်ခံတွေဆိုရင်လည်း ရဲဘော် မိန်းကလေးတွေဆိုရင် ချောချောလေးတွေဆို သူတို့နားကို ခေါ်ထားတယ်။ ပြီးရင် ရိသဲ့သဲ့ စကားတွေပြောတယ်။ ခြေတော်တွေ တင်တယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီလိုမျိုးတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ် မလုံခြုံဘူးထင်လို့ အဲဒီကနေမှ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို အလင်းဝင်တယ်။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့အခါမှာ ဆိုလည်း သူတို့ကပြောတယ်။ နင်တို့ မိန်းကလေးတွေ တပ်မတော်ဘက် အလင်းဝင်လို့ရှိရင် နင်တို့ကို အဓမ္မပြုကျင့်လိမ့်မယ်။ ပြီးလို့ရှိရင် ယောက်ျားလေးတွေဆိုရင်လည်း စစ်မှုထမ်းထဲကို ဆွဲထည့်မှာ အဲဒီလိုမျိုးတွေ ပြောတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့ ဝင်ခဲ့တဲ့အချိန်မှာ အဲဒီလိုမျိုး လုံးဝမဟုတ်ပါဘူး။ သူတို့စားသလိုမျိုးလည်း စားရတယ်။ သူတို့ နေသလိုမျိုးလည်း နေရတယ်။ အစစအရာရာ အားလုံးအဆင်ပြေအောင် အကုန်လုပ်ပေးပါတယ်။ ဘာမှ လိုလေသေးမရှိပါဘူး။ သူတို့ပြောခဲ့၊ သူတို့ ကျွန်တော်တို့ကို စကားတွေနဲ့ သွေးထိုးခဲ့တဲ့ စကားတွေက ကျွန်တော်တို့ အခုလက်တွေ့မှာတော့ လုံးဝတခြားစီပါပဲ။ ကျွန်တော် ပြောချင်တာက တောထဲမှာပေါ့နော်၊ ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့။ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့ အတွက်ကြောင့်မို့လို့လည်း အခုဆိုရင် ကျွန်တော်ဆိုလည်း ကိုယ့်အိမ်ကိုယ် ပြန်ရတော့မယ်။ ပြီးလို့ရှိရင်လည်း ကိုယ့်မိဘတွေနဲ့ကိုယ် ပြန်ဆုံတွေ့ရတော့မယ်။ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ကလည်း ကြိုဆိုနေပါတယ်။ ကျွန်တော်ကလည်း နောက်နောင် ဒီလိုအဖွဲ့အစည်းမျိုးကို ဘယ်တော့မှ မပတ်သက်တော့ပါဘူး လို့လည်း ကတိပြုပါတယ်။

၂။ ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မ အသက်မှာ ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကို လာပြီးတော့ စည်းရုံးရေးဆင်းတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ တစ်အိမ်တစ်ယောက် မလိုက်မနေရပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေ ဒုက္ခပေးမယ်၊ အဖေအမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲ ဝင်သွားခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်တော့ ကျွန်မတို့ စစ်သင်တန်း သုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လည်း ဆေးဝါး လုံလောက်မှု မရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့သူတွေက အဲဒီဒဏ်တွေ မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေ ရှိတယ်။ ထွက်ပြေးလို့မိလို့ရှိရင်လည်း

စာမျက်နှာ ၅ သို့ ○

✪ စာမျက်နှာ ၄ မှ

သူတို့က သတ်ပစ်တယ်၊ ရိုက်နှက်တယ်၊ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေး ကားလမ်းမကြီးမှာ ဂိတ်စောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။



ဆီပီပါတွေကို ထက်ဝက်ဈေးနဲ့ ကောက်ခံလို့တချို့ပြည်သူမပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင်လည်း ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်၊ အဲဒါကြောင့် တချို့ပြည်သူတွေ ဆိုရင်လည်း သံသယအနေနဲ့ ခေါ်တယ်၊ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ လက်သည်းခြေသည်းခွံတွေ ခွာတယ်၊ ခေါင်းတွေကို ရေနွေးပူတွေ လောင်းတယ်၊ သူတို့ပြောတာ ပြည်သူသာအမိ ပြည်သူသာအဖ၊ သူတို့လုပ်နေတာနဲ့ သူတို့ပြောတာနဲ့ လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လည်း တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်၊ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်၊ သောက်စားတယ်၊ K ရှူတယ်၊ ရာမတွေ သုံးတယ်။ သူတို့ဆို တစ်ညတစ်ညသွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ သင်တန်းသူ ကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်လို့ဆိုပြီး ခေါ်ပြီးတော့ အဓမ္မပြုကျင့်တယ်၊ ကောင်မလေး ကိုကျတော့လည်း ဘာတာဝန်မှ မယူဘဲနဲ့ နယ်ကို ပြန်ပို့တယ်၊ ကောင်လေးကို ကျတော့လည်း ဘာပြစ်မှု ပြစ်ဒဏ်မှ မပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့် ကျွန်မတို့လည်း အဲဒီထဲမှာ နေရတာ ကျွန်မတို့ကိုယ် ကျွန်မတို့ မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့လည်း ကျွန်မတို့ဘဝကို ဒီထဲမှာတင် အဆုံးရှုံးမခံနိုင်ဘူး။ အဲဒါကြောင့် ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မတို့ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ တပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးဆိုရင် အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းတွေခေါ်မှာ။ အဲဒါနဲ့ ကျွန်မတို့လည်း ကြောက်တော့ ရှေ့မှာ အလင်းဝင်တဲ့ သူငယ်ချင်းကို မေးတယ်။ သူငယ်ချင်း အားလုံး အဆင်ပြေလား။ သူငယ်ချင်း အဆင်ပြေတယ်၊ ဘာမှ စိတ်မပူနဲ့၊ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီက တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီး ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီမှာ ရောက်တော့လည်း အားလုံးက နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ဆိုရင်လည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်။ သူတို့စားသလို စားရတယ်။ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အလွန်ကို မှန်တယ်ပေါ့။ အဲဒါကြောင့်မို့ ဟိုမှာရှိနေခဲ့တဲ့ သူငယ်ချင်း ညီအစ်ကို မောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ကိုယ်ကိုယ် အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကိုယ့်ကိုယ်ကိုယ် အဲဒီဘဝထဲမှာ အနစ်မွန်းမခံပါနဲ့၊ ကျွန်မတို့လည်း ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန် နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်။



ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၄င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်များ လွှဲပြောင်းအပ်နှံရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးက လက်ခံရယူစဉ်။

၃။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော် ရမည်းသင်းမှာ လုပ်ငန်းလုပ်နေတဲ့ အချိန် သူငယ်ချင်းက ဖုန်းဆက်ခေါ်ပါတယ်။ ယောက်ဖ လာခဲ့၊ ဒီဘက်မှာ အလုပ်လုပ်လို့ အလွန်ကောင်းတယ်၊ ပိုက်ဆံလည်း အတော်ရတယ်ဆိုပြီး သူခေါ်လို့ ကျွန်တော် ရောက်လာပါတယ်။ ရောက်လာတဲ့အချိန်မှာ သူက ကျွန်တော့်ကို လူစုဆောင်းရေး ပို့လိုက်တယ်။ လူစုဆောင်းရေးမှာ



လူတွေအများကြီးမို့လို့ ဦးလေးတို့၊ ဒေါ်လေးတို့တွေ့တော့ မေးကြည့်တယ်။ ဦးလေးတို့၊ ဒေါ်လေးတို့ ဘယ်သွားပြီး အလုပ်လုပ်ကြမှာ တုံးလို့ မေးတော့ အဲဒီ ဦးလေး၊ ဒေါ်လေးတွေ ပြောတယ်၊ ဘယ်လုပ်ငန်းသွားလုပ်ရမှာတုံး၊ ငါတို့ကို လက်နက်ကိုင်ပြီး တိုက်ခိုင်းဖို့လို့ပြောတယ်။ အဲဒါကျမှ ကျွန်တော်က ကျွန်တော့်ကို သူကလိမ်ခေါ်မှန်း သိတယ်။ သိတော့ ကျွန်တော်တစ်ခါတည်း ထွက်ပြေးဖို့ လုပ်တယ်။ လုပ်တော့ ကျတော့ သူတို့က ပြောတယ်၊ မင်းတို့ထွက်ပြေးရင် မင်းတို့တင် မကဘူး၊ မင်းတို့ မိသားစုပါ သတ်ပစ်မှာလို့ ခြိမ်းခြောက်ထားလို့ ကျွန်တော်က အဲဒါနဲ့ သူတို့ ပြောတဲ့အတိုင်းပဲ နေလိုက်တယ်။ နေပြီးတော့ သူတို့ပေးတဲ့သင်တန်းကိုလည်း ကျွန်တော် တက်လိုက်တယ်။ သင်တန်းတက်တဲ့အခါမှာလည်း ခက်ခက်ခဲခဲ ထမင်းဆိုလည်း နပ်မမှန်ဘူး၊ ရောဂါဖြစ်ရင် ကြိုပြော မင်းတို့ရောဂါရှိတဲ့လူ ရှေ့တန်းမပို့ဘူး၊ အသက်မပြည့်တဲ့ ကလေးတွေလည်း ရှေ့တန်းမပို့ဘူးလို့ သူတို့ကပြောတယ်။ ဒါပေမဲ့ သူတို့က သင်တန်းလည်းဆင်းပြီးရော ကျွန်တော်တို့ကို ပြောတယ်။ ရှေ့တန်း တန်းပို့တယ်။ အသက်မပြည့်တဲ့ ကလေးတွေ ၁၅၊ ၁၆၊ ၁၇ တွေအစ ပါပါတယ်။ ရှေ့တန်းမှာလည်း လက်နက်ခဲယမ်းဆို ပြည့်ပြည့်ဝဝ ပေးမထားပါဘူး။ လူဆိုလည်း နည်းနည်းလေးပဲ ပေးထားပါတယ်။ ကျွန်တော်လည်း မိဘကို ချစ်တဲ့သူမို့ ကိုယ့်မိဘနဲ့ကိုယ် ပြန်တွေ့ချင်လို့ ရှေ့တန်းကနေ ထွက်ပြေးတယ်။ အိမ်ရောက်တော့ကျ ပြည်သူတွေက၊ မိဘပြည်သူတွေက ကျွန်တော်တို့ကို အနေမခံချင်ဘူး ရွာထဲကို၊ မိဘကိုယ်တိုင်ကိုက အနေမခံဘူး။ ပြန်အနေမခံတော့ သူတို့ အကြမ်းဖက်အဖွဲ့က ကျွန်တော်တို့ကို ပြန်လာဖမ်းတယ်။ လက်ပံလှမှာ ကျွန်တော်တို့ကို အချုပ်ချထားတယ်။ အချုပ်ချထားပြီးတော့ လက်ပံလှ အချုပ်ထဲကနေ ကျွန်တော်အပါအဝင် နှစ်ယောက် ထပ်ထွက်ပြေးတယ်။ ပြေးပြီးတော့ ကျွန်တော်တို့ ပထမတစ်သုတ်မှာ အလင်းဝင်သွားတဲ့ သူငယ်ချင်းကို ဆက်သွယ်တယ်။ ကျွန်တော်ကိုယ်တိုင် မဝင်ရဲဘူး။ ဒါပေမဲ့ သူငယ်ချင်းက ပြောတယ်။ ကောင်းကောင်းမွန်မွန် ဖျောင်းဖျပြောတော့ သူပြောတဲ့ စကားကို ယုံလို့ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင် အလင်းလာဝင်တယ်။ တပ်မတော်ကြီးက ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ စားနပ်ရိက္ခာဆိုလည်း ပြည့်ပြည့်ဝဝ ပေးတယ်။ ဆေးခန်းတွေ ဘာတွေလည်း အကုန်လိုက်ပို့တယ်။ လိုလေသေး မရှိအောင်လို့ ကျွန်တော်တို့ကို လိုက်ပို့ပေးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း အခုဆိုရင် ကျွန်တော်တို့ အခမ်းအနားပွဲပြီးရင် ကျွန်တော် အဖေအမေ အပါအဝင် ကျွန်တော်တို့ရွာကိုပဲ လွတ်လွတ်လပ်လပ် နေရတော့မယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း တောထဲမှာရှိနေတဲ့ ညီအစ်ကို မောင်နှမ သူငယ်ချင်း မိတ်ဆွေတွေကို ဒီနေရာကနေ သူတို့ကို အလင်းဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နောက်နောင် အကြမ်းဖက်အဖွဲ့နဲ့ ကျွန်တော် မပတ်သက်တော့ပါဘူးလို့ မိဘပြည်သူထံမှာ ကတိသစ္စာပြုပါတယ်ခင်ဗျာ။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ စားအုန်းဆီ ၁၂၂၂ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများစားသုံးဆီ ဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် စားအုန်းဆီတင်သွင်းသော သတ်မှတ်အရည်အသွေးပြည့်ဝသည့် Resources Group Trading Co.,Ltd မှ စားအုန်းဆီများကို ဝယ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချပေးပါက ၂ ပိဿာနှုန်းဖြင့် အပတ်စဉ်ပြည်သူများအား အလှည့်ကျရောင်းချပေးလျက်ရှိကြောင်း သိရှိရပြီး ယမန်နေ့က စားအုန်းဆီ ၁၂၂၂ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ မတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက "လူငယ်နှင့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းမှ အတွင်းရေးမှူး စာရေးဆရာမ အသွင် ဆန်း (ပခုက္ကူ)က "လူငယ်နှင့်စာဖတ်ခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချောင်းဆုံမျိုးချစ်က "လူငယ်နှင့်စိတ်ထားကောင်းမွန်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာအောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က "စာပေဖတ်ရှုလေ့လာခြင်းကြောင့် အောင်မြင်တိုးတက်သောမျိုးဆက်သစ်လူငယ်များ"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့နယ်ပညာရေးမှူး၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အသိပညာပေးနံရံကပ်စာစောင်များပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာသင့်သော သုတရသစာအုပ်စာစောင်များ စနစ်တကျ ခင်းကျင်းပြသခြင်း၊ ပွားရမ်းဖတ်ရှုစေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၃၄၀)**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် Ms. Noriko Takagi အနေဖြင့် ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNHCR တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် UNHCR မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မော်လမြိုင်တက္ကသိုလ် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်တက္ကသိုလ် သုတေသနစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား သုတေသနဓာတ်ခွဲခန်းသုံး ပစ္စည်းများ အမြန်တပ်ဆင်အသုံးပြုရန် မှာကြားသည်။

ထို့နောက် အပန်းဖြေရိပ်သာ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် စာကြည့်တိုက်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီးက Journal of the Burma Research Society (JBRS) ကို ၁၉၁၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် သမိုင်းကို ထောက်ရှုလျက် မြန်မာနိုင်ငံတွင် အရည်အသွေးရှိသော သုတေသနဂျာနယ်များ ထုတ်ဝေဖြန့်ချိရန်လိုအပ်ကြောင်း၊ စာအုပ်ကောင်းများ မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် လွယ်လင့်တကူ ငှားရမ်းဖတ်ရှုနိုင်ရေး အားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင်၌ ဘာသာရပ်ဌာနဆရာ ဆရာမများအား တွေ့ဆုံ၍ နှုတ်ဆက်အားပေးပြီး လက်တွေ့ခန်းများကို စစ်ဆေးကာ ဒုတိယဝန်ကြီးက ကျောင်းသားကျောင်းသူများ အသုံးပြုသော လက်တွေ့ခန်းသုံးပစ္စည်းများ ခေတ်နှင့်လျော်ညီစေရေးနှင့် ကျောင်းသားတိုင်း ကိုင်တွယ်အသုံးပြုတတ်အောင် လေ့ကျင့်ပေးနိုင်ရန်အတွက် ဖြည့်တင်းပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကာ ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နှမ်းပါး(ရေဆင်း ပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနား ကျင်းပ

မိတ္ထီလာ မတ် ၁၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ နိုင်ငံစီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် နှမ်းပါးမျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း၌ ကောက်စိုက်စက်ဖြင့် နှမ်းပါး(ရေဆင်း ပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ ကွင်းအမှတ် ၇၄၀ ရှိ တောင်သူ ဦးဖုန်းမြင့်၏ စိုက်ဧကတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်း ကောက်စိုက်စက်ဖြင့် နှမ်းပါး(ရေဆင်း ပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနား ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အား ရှားပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေးနှင့် စပါးအထွက်နှုန်းကောင်းမွန်စေရန် ရည်ရွယ်၍ ဒေသခံတောင်သူများအား ကောက်စိုက်စက်ဖြင့် နှမ်းပါးစိုက်ပျိုးခြင်းကို လက်တွေ့ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စိမ်းလန်းမြေကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးမောင်မောင်ထွန်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းအဆင့်ဆင့်ကို ရှင်းပြခဲ့သည်။ ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက မြို့နယ်အတွင်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံစီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် နှမ်းပါးမျိုးစေ့ထုတ် ဧက ၁၀၀ အတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက စိုက်ပျိုးရေးတောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကောက်စိုက်စက်ဖြင့် နှမ်းပါး(ရေဆင်း ပေါ်ဆန်း-၂)စိုက်ပျိုးခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြော

သရက် မတ် ၁၉

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၃၁)အကြီးစားစက်ရုံ (သရက်) စက်ရုံစုပေါင်းခန်းမတွင် ကျင်းပခဲ့သည်။


အဆိုပါ အခမ်းအနားတွင် အမှတ်(၃၁)အကြီးစားစက်ရုံ သရက် စက်ရုံမှူး ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းက "အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ရေးနှင့် အမျိုးသမီးရေးရာ အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာဥပဒေများအကြောင်း ဟောပြောခဲ့ပြီး သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နေမျိုးပိုင်က "ထိန်းသိမ်းသင့်သည့် မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်များ"ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ သစ်တောဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းမိုးက "သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအုပ်စိုးလင်းက ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါများနှင့် ပတ်သက်၍ ဟောပြောသည်။ အခမ်းအနားအပြီးတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက ကျား၊ မအခြေပြု အကြမ်းဖက်မှု အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## 3 Idiots အပိုင်း(၂) ထပ်မံထွက်ရှိလာ၍ ပရိသတ်အားပေးခဲ့




ဘောလိဝုဒ်ပညာရေးကဏ္ဍ အကြောင်း မီးမောင်းထိုးပြထားသည့် 3 Idiots မှာ အောင်မြင်မှုရရှိခဲ့ပြီး အပိုင်း(၂) ဆက်လက်ထွက်ရှိလာ၍ ပရိသတ်စိတ်ဝင်တစား အားပေးထားကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား အပိုင်း(၂)သည် အပိုင်း(၁)၏ အသက်အဖြစ် ပညာရေးကဏ္ဍထဲ ပြန်လည်ခေါ်ဆောင်ပြီး စိတ်နှလုံးမှ အမှန်တရားနှင့် အိပ်မက်များ၏ တန်ဖိုးကို ထပ်မံသတိပေးထားသည့် အပိုင်းများကို ဖြည့်စွက်တင်ပြထားသည်။

သရုပ်ဆောင် အမီရ်ခန်၏ ဟာသ၊ အာရ်မက်ဟဗန်၏ စိတ်လှုပ်ရှားမှု ရှာမာဂျူဆီ၏ အပြစ်ကင်းမှု၊ ကရီနာကပူးလ်၏ အလှအပများနှင့် ထပ်မံကြည့်ရှုကြရမည်ဖြစ်သည်။

ကောလိပ်ဘဝတွင် အခက်အခဲများကို အတူကျော်ဖြတ်ခဲ့ကြကာ အချိန်ကြာပြီးနောက် ကိုယ့်လမ်းကြောင်းကိုယ် အောင်မြင်နေကြပြီး သူတို့၏အရင်းအမြစ်ဖြစ်သည့် "သင်ယူမှု၏အဓိပ္ပာယ်"ကို မမေ့လျော့ကြဘဲ ပညာရေးစနစ်သစ်တစ်ခုဖြစ်သည့် ပညာရေးဆိုသည်မှာ အမှတ်မဟုတ်တဲ့ ဘဝကို နားလည်ဖို့ဆိုသည့် ယုံကြည်ချက်နှင့် ကူညီသူများအဖြစ် ပုံဖော်ရိုက်ကူးထားသည်။ (SKY)



## အလင်းတွင် ဖြစ်ပေါ်သော ကွမ်တမ်ဘေးတိုက်ရွေ့လျားမှုကို လေ့လာတွေ့ရှိ

နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် ယခင်က မဖြစ်နိုင်ဟု ထင်မှတ်ခဲ့ကြသော အရာတစ်ခုကို ယခုအခါ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့သည် အလင်းတွင် ဖြစ်ပေါ်သော ကွမ်တမ်ဘေးတိုက်ရွေ့လျားမှုကို လေ့လာတွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ တွေ့ရှိချက်ရလဒ်အကြောင်းကို ဖီဇစ်ကယ်ရီဗျူးအိတ်စ်ဂျာနယ်တွင် မကြာသေးမီက ထုတ်ဝေခဲ့သည်။

ပြင်းထန်သော သံလိုက်စက်ကွင်းများအောက်ရှိ အီလက်ထရွန်များတွင် တွေ့ရသည့် အဆင့်ဆင့်ဖြစ်စဉ်မျိုးကဲ့သို့ပင် အလင်းသည်လည်း ကွမ်တမ်သဘောတရားအရ အဆင့်လိုက် ရွေ့လျားခြင်းဖြစ်သည်ဟု မွန်ထရီယောတက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ဖိလစ်စိန့်ဂျုန်က ရှင်းလင်းပြောကြားသည်။

ယင်းရှာဖွေတွေ့ရှိမှုသည် နောင်အနာဂတ်တွင် များစွာသော အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်ဟု ပါမောက္ခ စိန့်ဂျုန်က ရှင်းလင်းပြောပြကြောင်း သိရသည်။

(SCI)

## Jennie Kim ၏ နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်ကို MMA စတိတ်တွင် ပြသခဲ့



ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်နီကင်သည် တစ်ကိုယ်တော်ဂီတအဖွဲ့များနှင့် အောင်မြင်နေပြီး နာမည်တစ်လုံးကို အစပျိုးပေးခဲ့သည့် ကိုရီးယားနိုင်ငံအပေါ် ထားရှိသည့် ချစ်မြတ်နိုးစိတ်နှင့် ကျေးဇူးတင်စိတ်ဖြင့် MMA State တွင် ဖန်တီးပြသခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်နီ(ခေါ်)ဂျင်နီကင်သည် ၁၅ မီတာရှည်လျားသော ဝတ်ရုံကြီးဖြင့် ကိုရီးယားစာပေနှင့် လူမျိုးအပေါ်ထားရှိသည့် ချစ်မြတ်နိုးစိတ်ဖြင့် ကမ္ဘာကြီးကို အံ့သြဖွယ် ချပြခဲ့သည်။

အဆိုပါဝတ်စုံတွင် ကိုရီးယားစာပေများရေးသားထားပြီး Seoul City သီချင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ သီချင်းစာသားပေါင်းချုပ်ဖြစ်သော Jeongeui, Yeongeon မှ စာသားများ ရေးထွင်းထားသော ၁၅ မီတာရှည်လျားသည့် မျက်နှာဖုံးပဝါရှည်က စင်တစ်ခုလုံးကို လွှမ်းခြုံထားပြီး ကိုရီးယားစာပေကို ဂုဏ်ပြုဖော်ပြထားသည်။

နောက်ဆုံးသီချင်း Like Jennie ဖက်ရှင်ဝတ်စုံတွင် ဂျင်နီဟူသောအမည်ကို အကြိမ်ရေနှစ်ထောင် ရေးထွင်းထားသည်။ (SKY)

*-*-*-*-*

## A-J Carter က တရုတ်အနုပညာရှင် ဝမ်ရိဘိုကို ချီးကျူးထား

ဂုဏ်သိက္ခာမြင့်ဆု ကမ္ဘာကျော် အစ်မီဆု နှစ်ဆုပိုင်ရှင် အေဂျေကာတာက တရုတ်အနုပညာရှင် ဝမ်ရိဘိုကို ချီးကျူးစကားပြောကြား၍ အကြံဉာဏ်သစ်ပေးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် ပြိုင်ကားမောင်း ပြိုင်ပွဲဝင်ခဲ့ရာမှ အေဂျေကာတာက "မင်းရဲ့ ပြိုင်ပွဲအတွက် မှတ်တမ်းရုပ်ရှင်အပြည့်အစုံ Full Documentary ရိုက်ကူးဖို့လိုတယ်"ဟူ၍ အကြံသစ်ပေးခဲ့သည်။

ဝမ်ရိဘိုသည် UNIQ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး ဆယ်ကျော်သက်အရွယ်နှင့် ကေပေါ့ပ်အဖွဲ့နှင့် ပွဲဦးထွက်ခဲ့ကာ ဒုက္ခများစွာကြုံ၍ အတိုက်အခိုက်ခံရရင်း အနုပညာလောကတွင်သာမက အားကစားလောကတွင်ပါ ကြယ်တစ်ပွင့်ဖြစ်လာခဲ့သည်။ သူ၏ပြိုင်ကားမောင်း ပြိုင်ပွဲများအတွက် သည်းထိတ်ရင်ဖိုဖွယ်ပြိုင်မှုများကို အေဂျေကာတာက မှတ်တမ်းရုပ်ရှင်ရိုက်ကူးထားသင့်ကြောင်း အကြံသစ်ပေးခဲ့ခြင်းဖြစ်သည်။



(SKY)

## Lee Mi Joo ၏ Trouble Maker ကို ပရိသတ်အားပေးထားကြ

ကေပေါ့ပ်အဆိုတော် လီမီဂျူနှင့် ဂင်ချားနားမင်းသား လီရီကွမ်တို့နှစ်ဦး အတူတွဲ၍ Trouble Maker ကို ပွဲတစ်ခုတွင် ဖျော်ဖြေခဲ့ကြရာမှ ပရိသတ်အားပေးထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် သူတို့နှစ်ဦးလိုက်ဖက်ညီမှုကို Running Man အဖွဲ့ဝင်များနှင့် ပရိသတ်များက အားပေးထားကြကာ လီရီကွမ်မှာ ဟာသအနုပညာရှင်ဖြစ်သော်လည်း အဆို၊ အကကျွမ်းကျင်ပြီး လီမီဂျူနှင့် လိုက်ဖက်ညီခဲ့သည်။

လက်ရှိ မထင်မှတ်ထားသော အမှားတစ်ခုအတွက် လီရီကွမ်မှာ ရသစုံရှိုးများမှ ဖြုတ်ချခံထားရပြီး ကြော်ငြာများစွာကပါ လက်တွဲဖြုတ်ခြင်းခံနေရကာ တောင်းပန်မှုပြုလုပ်နေရသည်။ ပရိသတ်များက လီရီကွမ်၏အနုပညာကို အားပေးနေကြဆဲဖြစ်သည်။(SKY)




## Enhypen အဖွဲ့ဝင်များကြား အချစ်ရေးကိစ္စပြဿနာ ဖြစ်ခဲ့

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ အိုက်ဖန်၏ အဖွဲ့ဝင်များကြား အချစ်ရေးကိစ္စသတင်းကြောင့် ပြဿနာများ ရှုပ်ထွေးမှုဖြစ်ခဲ့ပြီး ကုမ္ပဏီက ငွေမြောက်မြားစွာ ပေးချေခဲ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယားနာမည်ကြီးသတင်းဌာန Dispatch မှ မဖော်ထုတ်မီ အိုက်ဖန်အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ပတ်ဆောင်ဟွန်းနှင့် ကင်ဆူနိုတို့နှစ်ဦး လိင်တူချစ်သူများဖြစ်ကြောင်း ကိုရီးယားမီဒီယာမှ ပြောကြားခဲ့သဖြင့် အဖွဲ့ဝင်များနှင့် ပရိသတ်များ အံ့အားသင့်ခဲ့ကြရသည်။

ပတ်ဆောင်ဟွန်းနှင့် ကင်ဆူနိုတို့ကလည်း ချစ်သူစုံတွဲဖြစ်ကြောင်း ဝန်ခံခဲ့သဖြင့် ကိုရီးယားလူမျိုးများက လိင်တူကြိုက်ခြင်းကို အပြင်းအထန်ဝေဖန်ခဲ့ကြ၍ ကုမ္ပဏီဘက်မှ ငွေအမြောက်အမြား ပေးချေခဲ့ရသည်။

လွန်ခဲ့သောလအနည်းငယ်က ကေပေါ့ပ်အဖွဲ့အတွင်း လိင်တူချစ်သူသတင်းထွက်ပေါ်ခဲ့ရာ ပရိသတ်များက ဘီတီအက်စ်၊ အိုက်ဖန်နှင့် စတေရီကစ်အဖွဲ့ဝင်များဟု ထင်ကြေးပေးခဲ့ကြရာမှ ကိုရီးယားမီဒီယာက ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ (SKY)



## Mai Davika က မင်္ဂလာပွဲတွင် Gucci Brand ကို အသုံးပြုသွား

ထိုင်းအနုပညာရှင် မင်းသမီး မိုင်ဒါဗီကာ၏ လက်ထပ်ပွဲတွင် ခေါင်းအစ ခြေအဆုံး Gucci Brand သံတမန်ဖြစ်၍ Gucci ဆင်မြန်းခြယ်သပေးထားကြောင်း ထိုင်းအင်တာနက်ဆိုက်တွင် ဖော်ပြသည်။




မင်္ဂလာသတို့သမီးလေး မိုင်ဒါဗီကာကို Gucci ၏ အသေးစိတ်အနုစိတ် ပွင့်ဖတ်ဒီဇိုင်းများ ဖြည့်သွင်းထားသည့် ဂါဝန်ဖြူဖြူလေးနှင့် လှလှပပဖိနပ်တစ်စုံ၊ ဖူးဖူးငုံငုံ မျက်နှာလေးနှင့် လိုက်ဖက်သော မိတ်ကပ်ကို ခြယ်သပေါင်းစပ်ပေးထားပြီး လိုက်ဖက်သော မင်္ဂလာပန်းစည်းလက်ကိုင်များက ပရိသတ်အကြိုက်ဆုံးဖြစ်ခဲ့သည်။

မိုင်ဒါဗီကာ၏ ရိုးရိုးလေးနှင့် အမြင်ဆန်းနေသော Gucci ၏ မင်္ဂလာဝတ်စုံမှာ လှလှပပအေးအေးချမ်းချမ်း အဖြူရောင်လေးဖြစ်၍ မျက်စိအေးအောင် လှပသော မင်္ဂလာသတို့သမီးလေးအဖြစ် ပရိသတ်ကြား၌ ရေပန်းစားခဲ့သည်။ (SKY)

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တာ့ခ်မင်နစ္စတန် အမျိုးသားခေါင်းဆောင် ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန် ကတိပြု



**ပေကျင်း မတ် ၁၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တာ့ခ်မင်နစ္စတန် အမျိုးသားခေါင်းဆောင် ဂါဘန်ဂူလီ ဘာဒီမူဟာမက်ဒေါ့ဗ်တို့ နှစ်ဦး ယမန်နေ့က ပေကျင်းမြို့တွင် တွေ့ဆုံစဉ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်နှင့် ချိတ်ဆက်ဆောင်ရွက်မှုကဲ့သို့သော အရင်းအမြစ်မဟုတ်သည့် ကဏ္ဍများတွင် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန် ကတိပြုခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တာ့ခ်မင်နစ္စတန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌလည်းဖြစ်သူ ဘာဒီ မူဟာမက်ဒေါ့ဗ်သည် ၂၀၀၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံ၏သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်း၏ သုံးရက်ကြာခရီးစဉ်သည် ယခုနှစ် တရုတ်နိုင်ငံ၏ အမျိုးသားညီလာခံ နှစ်ရပ်အပြီးတွင် နိုင်ငံခြားခေါင်းဆောင်တစ်ဦး၏ ပထမဆုံးသော လာရောက်မှုဖြစ်သည်။

အဆိုပါ ညီလာခံတွင် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်မည့် ၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်း၏ မူဘောင်ကို သုံးသပ်အတည်ပြုခဲ့သည်။

အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ခြင်းသည် တရုတ်နိုင်ငံ၏ ဆိုရှယ်လစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ် ဖြစ်လာစေမည့် အပြင် ကမ္ဘာတစ်ဝန်းကိုလည်း အကျိုးပြုလိမ့်မည်ဟု သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အလည်အပတ်လာရောက်သည့် နိုင်ဂျီးရီးယားသမ္မတအား ဗြိတိန်ဘုရင် တတိယမြောက် ချားလ်စ်က လက်ခံကြိုဆို



**လန်ဒန် မတ် ၁၉**

ဗြိတိန်ဘုရင် တတိယမြောက် ချားလ်စ်သည် ဝင်ဆာရဲတိုက်၌ နိုင်ဂျီးရီးယားသမ္မတ ဘိုလာ တီနူဘူအား လက်ခံကြိုဆိုခဲ့ပြီး ၎င်းသည် အာဖရိက၏ လူဦးရေအများဆုံး နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေဖြင့် ဆယ်စုနှစ်လေးခုနီးပါး ကာလအတွင်း ပထမဆုံးအကြိမ် လာရောက်သည့် နိုင်ငံတော်အဆင့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

ဧည့်သည်တော်သမ္မတနှင့် အဖွဲ့ကို တော်ဝင်မိသားစု၏ သံတမန်ရေးရာ အင်အားပြသမှုတစ်ခုအဖြစ် ယမန်နေ့က စစ်သည်အင်အား ၁,၀၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကြိုဆိုခဲ့ကြသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် စံချိန်တင် မြင့်တက်နေသည့်အတွက် ဘုရင်ကြီးသည် ယခု နှစ်ရက်ကြာ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နက်ရှိုင်းသော ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ချိတ်ဆက်မှုများကို အလေးပေး ဖော်ပြခဲ့သည်။

သမ္မတ တီနူဘူသည် ၎င်း၏ ရာထူးသက်တမ်းအတွင်း ယူနိုက်တက်ကင်းဒမ်းသို့ တရားဝင်မဟုတ်သော ခရီးစဉ်များ အကြိမ်ကြိမ် လာရောက်ခဲ့ဖူးပြီး နှစ်နိုင်ငံလုံးသည် ကုန်သွယ်ရေး၊ အကူအညီပေးရေးနှင့် ကာကွယ်ရေးကဏ္ဍတို့တွင် အဓိက မဟာမိတ်များအဖြစ် ဆက်လက်တည်ရှိနေကြသည်။

ထို့ပြင် လန်ဒန်မြို့သည် လူဦးရေ ၃၀၀,၀၀၀ ခန့်ရှိသော နိုင်ဂျီးရီးယား နွယ်ဖွားများ အခြေချနေထိုင်ရာ ဒေသတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## နှစ်နိုင်ငံဆက်ဆံရေး ဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ တိုးမြှင့် စင်ကာပူနှင့် ဂျပန် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားမည်

**တိုကျို မတ် ၁၉**

စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ တိုးမြှင့်လိုက်ကြောင်းနှင့် ကဏ္ဍငါးခုတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားမည်ဟု မတ်လ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဆက်ဆံရေးအဆင့်မြှင့်တင်မှုကို စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်းနှင့် ဂျပန်ဝန်ကြီးချုပ် တာကာအီချီ ဆာနာအဲတို့ ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းသည် ရာထူးလက်ခံရယူပြီး နောက် ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ဝန်ကြီးချုပ် တာကာအီချီနှင့် တွေ့ဆုံခဲ့ကာ လုပ်ငန်းခွင်ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းအား ကြိုဆိုနှုတ်ဆက်ရာတွင် ယခုနှစ်အတွင်း အမျိုးမျိုးသော ဖလှယ်မှုများနှင့် အစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာမည်ဟု ဂျပန်ဝန်ကြီးချုပ်တာကာအီချီက မြော်လင့်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ၂,၆၈၉ မိုင် ရှည်လျားသော ကမ်းရိုးတန်း လမ်းလျှောက်လမ်း အင်္ဂလန် ကမ်းရိုးတန်းတစ်ခုလုံးကို ပတ်ပတ်လည် ဝန်းရံထား

**လန်ဒန် မတ် ၁၉**

အင်္ဂလန်နိုင်ငံ၏ ကမ်းရိုးတန်းတစ်ခုလုံးကို ပတ်ပတ်လည် ဝန်းရံထားသည့် လမ်းလျှောက်လမ်းအသစ်တစ်ခုကို တရားဝင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကြောင်းကို ဖော်ဆောင်ခဲ့သည့် အစိုးရအဖွဲ့အစည်းဖြစ်သော သဘာဝအင်္ဂလန်၏ ပြောကြားချက်အရ ၎င်းလမ်းမှာ ၂,၆၈၉ မိုင် ရှည်လျားပြီး အရှည်လျားဆုံး ကမ်းရိုးတန်း လမ်းလျှောက်လမ်းလည်း ဖြစ်သည်။

ထိုလမ်းကို တတိယမြောက် ချားလ်စ်ဘုရင် အင်္ဂလန်ကမ်းရိုးတန်းလမ်းဟု အမည်ပေးထားပြီး ယခုအခါ လမ်းလျှောက်ဝါသနာပါသူများအတွက် အင်္ဂလန်၏ ကမ်းခြေဒေသများကို တစ်ဆက်တစ်စပ်တည်း လှည့်လည်ကြည့်ရှုနိုင်မည့် အခွင့်အလမ်း ပထမဆုံးအကြိမ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

အဆိုပါ လမ်းကြောင်းသည် ဆားငန်အင်းများ၊ သဲသောင်ပြင်များ၊ ကျောက်ဆောင်ကမ်းပါးများ၊ သဲသောင်ခုံများနှင့် သမိုင်းဝင် ကမ်းရိုးတန်းမြို့များအပါအဝင် နိုင်ငံ၏ အလှပဆုံးနှင့် စုံလင်လှသော သဘာဝရှုခင်းများကို ဖြတ်သန်းသွားကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ယူဂန်ဒါနိုင်ငံရှိ ကီဒီပိုတောင်ကြား အမျိုးသားဥယျာဉ်အတွင်းသို့ မျိုးသုဉ်းပျောက်ကွယ်သွားသော ကြံ့များ ပြန်လည်ရောက်ရှိလာ

**ကမ်ပါလာ မတ် ၁၉**

ယူဂန်ဒါနိုင်ငံရှိ ကီဒီပိုတောင်ကြား အမျိုးသားဥယျာဉ်အတွင်း တစ်ချိန်က ဦးချိုနှင့် အသားအတွက် အမဲလိုက်သတ်ဖြတ်ခြင်းခံခဲ့ရသဖြင့် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့သော ကြံ့များသည် ဆယ်စုနှစ် လေး ခုကျော်အကြာတွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အမျိုးသားဥယျာဉ်အတွင်း ကြံ့ကောင်ရေ ပြန်လည်အခြေချနိုင်ရန် ရည်ရွယ်သည့် စုစုပေါင်း ကြံ့ ရှစ် ကောင်အနက် ပထမဆုံး အသုတ်ဖြစ်သော တောင် ပိုင်းမျိုးနွယ်ဝင် ကြံ့ဖြူ နှစ် ကောင်သည် ယမန်နေ့က ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းဒေသတွင် နောက်ဆုံး ကျန်ရှိသည့် ကြံ့ သည် ၁၉၈၃ ခုနှစ်တွင် သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း နေရာရွှေ့ပြောင်းရေး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ယူဂန်ဒါသားရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

ယခင်က မငြိမ်မသက်ဖြစ်ပွားခဲ့သည့် ကာလများအတွင်း အမဲလိုက်သူများသည် ကီဒီပိုဒေသအပါအဝင် ယူဂန်ဒါနိုင်ငံတစ်ဝန်းရှိ အမျိုးသားဥယျာဉ်များအတွင်း၌ ကျက်စားနေထိုင်သည့် ကြံ့ကောင်ရေ ၇၀၀ ခန့်ကို အကုန်အစင် သတ်ဖြတ်ခဲ့ကြသည်ဟု ဆိုသည်။

ထိုသို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုကြောင့် ယူဂန်ဒါနိုင်ငံရှိ သဘာဝတောရိုင်းမြေပြင်အတွင်း၌ အဆိုပါ သတ္တဝါများ လုံးဝမျိုးသုဉ်းသွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## တစ်အိမ်တက်ဆင်းမီးသုံးစွဲမှု စစ်ဆေး

**မန္တလေး မတ် ၁၉**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး



အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွေး၏ ကြီးကြပ်မှုဖြင့် တစ်အိမ်တက်ဆင်းမီးသုံးစွဲမှု စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာဦးစီးသော ရာအိမ်မှူးများ၊ သီရိဟေမာအနောက်ရပ်ကွက် အရန်မီးသတ်စခန်းတာဝန်ခံ ဒုတိယတပ်ခွဲမှူး ဦးသိန်းဦးနှင့် တပ်ဖွဲ့ဝင်များက အကွက်(၂၂၉၊ ၂၃၀) အတွင်း မီးဖိုမီးများ၊ လျှပ်စစ်မီးစနစ်တကျသုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှု ရှိ၊ မရှိစစ်ဆေးခြင်း၊ စားသောက်ကုန် လုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ဆိုင်များတွင် မီးသတ်ဆေးဘူးထားရှိမှု ရှိ၊ မရှိနှင့် ကောင်းမွန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဟောပြောခဲ့ကြသည်။

ထိုသို့ မီးစစ်ဆေးခြင်းကို သီရိဟေမာအနောက်ရပ်ကွက်အတွင်း၌ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၁)



## ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မိတ္ထီလာ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း အတိုင်း အနောက်မှအရှေ့သို့ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်ကွက်နေ ဦးသိုက်ထွန်း(ခ) ပါရှား(၃၈)နှစ် ဆိုသူမောင်းနှင်လာသည့် MITSUBISHI CANTER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူ ၎င်း၏အရှေ့မှ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းရပ်ကွက်နေ ကိုအောင်သန့်ဇင်မျိုး (၂၃)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်မြမြသင်း (၃၃)နှစ်ဆိုသူ လိုက်ပါလာသည့် LUOJIA-110 ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့၍ ကိုအောင်သန့်ဇင်မျိုးနှင့် ဒေါ်မြမြသင်း ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် သိုက်ထွန်း(ခ) ပါရှားဆိုသူအား မိတ္ထီလာမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သာစည်မြို့နယ်တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၁၄ ရက် ည ၁၀ နာရီက သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် ဖြိုးမင်းဇော် ဆိုသူထံမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း အလေးချိန် ၁ ဒသမ ၈၇ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖြိုးမင်းဇော်(၂၅)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ဖြိုးမင်းဇော် နှင့် သက်သေခံပစ္စည်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ မတ် ၁၅ ရက် ည ၇ နာရီ ၁၅ မိနစ်က ကျိုင်းတုံမြို့နယ်၊ ပန်ကြူကျေးရွာအနီးတွင် ကျဖ ဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျဖ(၂၀)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



## လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု မှန်ပြတောင်အနီး၌ ယာဉ် ၄၆ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁၃ မျိုး၊ လုပ်ငန်းသုံးကုန်ပစ္စည်း ၅၁ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၀ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ် ၄၆ စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် ဘားအံမြို့နယ်၊ မာလာဖူးကုန်ထုတ်စခန်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီးကို ခတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း၊ ဘားအံမြို့နယ်၊ ဒုံသမိတံတား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Light Truck တစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




**အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ် ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။**

# ဂိမှာန်နွေအကူး နှစ်ဦးအတာသင်္ကြန်

မန်းမြေမှ ပန်းသပြေ

မြန်မာတို့၏ တစ်နှစ်တာ တစ်ဆယ့်နှစ်လတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသောလသည် တန်ခူးလဖြစ်သည်။ ရံဖန်ရံခါ ကဆုန်လဆန်းပိုင်းတွင် နှစ်သစ်ကူးပြောင်းတတ်သည်။ သို့သော် များသောအားဖြင့် မိဿရာသီတန်ခူးလ၌သာ နှစ်သစ်ကူးပြောင်းလေ့ရှိသည်ကို တွေ့ရသည်။ ယခုနှစ်တွင်တော့ ကဆုန်လဆန်းပိုင်းတွင် နှစ်သစ်သို့ကူးပြောင်းသည်။ တန်ခူးလသည် မြန်မာတို့၏ တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လတွင် အဦးအစ ပထမဆုံးသောလဖြစ်သည်။ တန်ခူးလသည် ပူပြင်းသောလ ဂိမှာနနွေဥတုဖြစ်သဖြင့် အများသတ္တဝါအေးမြကြစေရန် မေတ္တာအအေးဓာတ်သဖွယ် အတာရေများ ပက်ဖျန်း၍ နှစ်သစ်ကို ကြိုဆိုကြသည်။ ထို့ကြောင့် မေတ္တာဓာတ်များ လွှမ်းခြုံနေသည့် အတာသင်္ကြန်အခါသမယ တန်ခူးလကို ‘အတာကူးလ’ ဟုလည်း ခေါ်ကြပြန်ပါသည်။

တန်ခူးလဟူသော အရေးအဖွဲ့ကို တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ အင်းဝခေတ်စသည့် ရှေးယခင်က ‘တန်းခူးလ’ ဟု ရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရသည်။ သို့သော် စာဆိုရှင် ဦးယာ၏ မိဿရာသီဖွဲ့လူးတားတွင် ‘နွေဂိမှာန၊ တန်ခူးလ’ ဟု ဆိုထားသဖြင့် ‘တန်ခူးလ’ ဟူသည့် အရေးအသား တစ်မျိုးတစ်ဖုံ တွေ့ရပြန်ပါသည်။ ထို့ပြင် တန်ခူးလ၏ သာယာတင့်ဆန်းပုံတို့ကို အနုအလှတို့ဖြင့် တန်ဆာဆင်ကာ အလှပဆုံးဟုဆိုရလောက်အောင် စာခြယ်သထားကြသည်ကိုလည်း တွေ့ရှိရသည်။

ထူးမြတ်လှသည့် နှစ်ဆန်းကာလ တန်ခူးလမှာ ပူပြင်းလှသဖြင့် ပိတောက်၊ အင်ကြင်း၊ ငုဝါ၊ ကံ့ကော်၊ ရင်ခတ်၊ စွယ်တော်၊ ဇလပ်စသည့် အပူခံပန်းများ တင့်ဆန်းစွာ ပွင့်လန်းကြကြောင်း စာဆိုရှင် နဝဒေးကြီး၏ ရတုပိုဒ်စုံတွင် ‘ရာသီမိဿ တန်ခူးလဝယ်၊ စိတြကြယ် ရောင်နီကယ်လျက်၊ မိုးလယ်စံပျော်ထွန်းလာပေါ်က၊ ကံ့ကော်၊ ရင်ခတ် ပင်လုံးညွတ်၍၊ ပွင့်ဝတ်ဖူးငုံ လွှမ်းပွဲပုံရှင့်’ ဟု တွေ့ရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်တာကာလ ဆယ့်နှစ်လရာသီအလိုက် ရာသီပန်းမျိုးစုံလည်း ပွင့်ဖူးကြသည်။ ‘ရာသီမသိ ပန်းနှင့်ညှိ’ ဆိုသော မဃဒေဝလင်္ကာသစ်၏ အဆိုအမိန့်အရ လရာသီအလိုက် ပွင့်ဖူးကြသော ပန်းများကိုကြည့်၍ အချိန်အခါရာသီကို သတ်မှတ်အကဲဖြတ်ကြသည်။ ဆယ့်နှစ်လရာသီတွင် ပွင့်ဖူးကြသော ပန်းများနှင့်ပတ်သက်၍ ‘ပန်းကံ့ကော် ရွှေစကား၊ ငွေသားနု စံပယ်မှန်’ စသည်ဖြင့် စာဆိုရှင်တစ်ဦး၏စာဆိုအရ တန်ခူးလ၏ရာသီပန်းမှာ ‘ကံ့ကော်ပန်း’ ဖြစ်သည်။ ရင်ခတ်ပန်း၊ ပိတောက်ပန်း၊ ငုဝါပန်းတို့လည်း ဖူးပွင့်ကြသည်။ ထို့ပြင် လရာသီအလိုက်ကျင်းပသော ပွဲတော်များလည်း ရှိနေပေသေးသည်။ ‘သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွှေခင်း၊ ပဉ္စင်းတော်ခံ’ စသည်ဖြင့် စာဆိုရှင် လက်ဝဲသုန္ဒရ၏ ရာသီဘွဲ့အရ တန်ခူးလ၏ပွဲတော်မှာ ‘သင်္ကြန်ရေပွဲသဘင်’ ဖြစ်သည်။ ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့တွင်မူ လအလိုက်ပွင့်သော ပန်း၊ လအလိုက်ဖြစ်ပေါ်နေကြသော ကြယ်တာရာ၊ ရာသီရုပ်နှင့် စန်းယှဉ်နက္ခတ်၊ လအလိုက်ကျင်းပသော ပွဲတော်များကို ဖွဲ့ဆိုထားပေသည်။

‘ရာသီ’ ဆိုရာ၌ ‘တန်ခူး၊ ကဆုန်၊ နယုန်’ စသည့် တစ်လတာအပိုင်းအခြားကို ‘ဆယ့်နှစ်လရာသီ’ ဟု ခေါ်သည်။ ‘နွေ၊ မိုး၊ ဆောင်း ဆိုသော ကာလသုံးပါးကို ဥတုသုံးပါး’ ဟု ခေါ်သည်။ နှစ်ကာလအပိုင်းအခြားဟုလည်း ပြောကြသည်။ ဦးတိုး၏ ရာမရကန်အဖွဲ့၌ ‘မိုး၊ ဆောင်း၊ နွေလ သုံးပါးအစု၊ ရတုခြောက်လီ၊ ရာသီပိုင်းဖြတ်၊ ဆယ့်နှစ်ရပ်တွင်’ ဟု ဆိုထားပေရာ မြန်မာနိုင်ငံတွင် ‘ဂိမှာန=နွေဥတု၊ ဝဿန=မိုးဥတု၊ ဟေမန္တ=ဆောင်းဥတု’ ဟု ဥတုကသုံးပါး။ တပေါင်း၊ တန်ခူးသည် ‘ဝသန္တရတု’၊ ကဆုန်၊ နယုန်သည် ‘ဂိမှရတု’၊ ဝါဆို၊ ဝါခေါင်သည် ‘ဝဿာနရတု’၊ တော်သလင်း၊ သီတင်းကျွတ်သည် ‘သရဒရတု’၊ တန်ဆောင်မုန်း၊ နတ်တော်သည် ‘ဟေမန္တရတု’၊ ပြာသို၊ တပို့တွဲသည် ‘သိသိရ ရတု’ ဟု ရတုခြောက်ပါး။ ဥတုသုံးပါးကို ‘အဦး၊ အနှောင်း’ ဟု သတ်မှတ်ကာ နှစ်လစီခွဲ၍ ခြောက်ပိုင်းပြုထားခြင်းလည်း တွေ့ရသည်။ ထို့ကြောင့် တန်ခူးလသည် ဂိမှာန နွေဥတုဖြစ်၍၊ ‘ဝသန္တ’ ရတုနွေဦးအစပိုင်းဟု ခေါ်ဆိုရပေမည်။

ကြယ်၊ တာရာ၊ ရာသီရုပ်နှင့် စန်းယှဉ်နက္ခတ်ဟုဆိုကြရာဝယ် ‘ကြယ်’ ဆိုသည်မှာ လူအများခေါ်ပြောနေကြသော ညအခါကောင်းကင်၌ တွေ့ရသည့် အလင်းရောင်အပွင့်လေးများကို ဆိုလိုသည်။ ‘တာရာ’ ဆိုသည်မှာ ထိုကောင်းကင်မှ ကြယ်များကိုခေါ်သည်။ ‘နက္ခတ်’ သည် ကြယ်တာရာအစုပင်ဖြစ်သည်။ ‘ရာသီရုပ်’ သည် တစ်နှစ်တာ ဆယ့်နှစ်လရာသီတွင် ရာသီအလိုက် အမှတ်အသားပြုကြသော ‘အရုပ်သင်္ကေတ’ ပင် ဖြစ်သည်။ ထိုလထိုရာသီ၌ လမင်းနှင့်ယှဉ်၍ ထွန်းလင်းတောက်ပသော ကြယ်တာရာအစု နက္ခတ်သည် ‘စန်းယှဉ်နက္ခတ်’ ပင် ဖြစ်သည်။ ထို့ကြောင့် တန်ခူးလ မိဿရာသီတွင် ‘စိတြနက္ခတ်’ နှင့် စန်းယှဉ်သည်။ ရာသီရုပ်မှာ ‘ဆိတ်ရုပ်’ ဖြစ်၍ တာရာသည် ‘တံငါ တာရာ’ ဖြစ်သည်။

တချို့သော ပျို့ကဗျာတို့တွင် တန်ခူးလကို ‘တာကူးလ’ ဟု ခေါ်ကြသည်။ ‘တာ’ ဆိုသည်မှာ အချိန်အခါ၊ ရာသီဥတု၊ နှစ်ကာလဟု ဆိုထားပေရာ ‘တာကူး’ ဟုဆိုလျှင် ‘နှစ်ကူးခြင်း’ ပင်ဖြစ်သည်ဟု လှေသင်းအတွင်းဝန်မင်း၏ ‘ဝေါဟာရလီနတ္ထဒီပနီကျမ်း’ မှ ဆိုထားပါသည်။ ဆိုလိုသည်မှာ မိန်ရာသီတပေါင်းလမှ မိဿရာသီတန်ခူးလသို့ တနင်္ဂနွေဂြိုဟ်မင်း ကူးပြောင်းခြင်းကို အစွဲပြု၍ ခေါ်ဆိုကြောင်း ပြဆိုထားသည်။

ထို့အတူ သင်္ကြန်ဟူသည် ‘သင်္ကန္တ’ ဆိုသောပါဠိစကားမှ ဆင်းသက်လာသည်ဖြစ်ရကာ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဟုဆိုသည်။ ဆိုရပါမူ ကမ္ဘာကြီးသည် ၂၃.၅ ဒီဂရီ တိမ်းစောင်းလျက် မိမိကိုယ်ကို လှည့်ပတ်နေသည်ဖြစ်သဖြင့် ‘နေ’ ၏အလင်းရောင်ကို ရရှိသည့်အချိန်နှင့် ‘နေ’ ၏အလင်းရောင်မရရှိသည့်အချိန်ဆို၍ ‘နေ့နှင့်ည’ ဖြစ်ပေါ်လာရသည်။ ထိုသည်ကို တစ်ရက်ဟု သတ်မှတ်သည်။ ထို့ပြင် နေကိုလည်း လှည့်ပတ်နေပါသေးသည်။ ထိုသို့ ‘နေ’ ကိုလှည့်ပတ်ရာတွင် ၃၆၅ ရက်ကျော်ကြာမှ နေကို တစ်ပတ်ပြည့်ပါသည်။ နေသွားရာလမ်းကြောင်း သုံးသွယ်ရှိပါသည်။ မဇ္ဈိမအလယ်လမ်း ‘အီကွေတာ’၊ အီကွေတာ၏မြောက်ဘက်တွင် ‘ဥတ္တရာယဉ်စွန်း’၊ အီကွေတာ၏တောင်ဘက်တွင် ‘ဒက္ခိဏာယဉ်စွန်း’ ဟု ရှိပေသည်။ ‘ဥတ္တရာယဉ်စွန်း’ သို့ ‘နေ’ ရောက်ရှိနေသောအခါ ကမ္ဘာ၏မြောက်ဘက်ခြမ်းသည် ‘နွေဥတု’ ဖြစ်၍ တောင်ဘက်ခြမ်းသည် ‘ဆောင်းဥတု’ ဖြစ်နေသည်။ ‘ဒက္ခိဏာယဉ်စွန်း’ သို့ ‘နေ’ ရောက်ရှိလာပါက ကမ္ဘာ၏တောင်ဘက်ခြမ်းသည် ‘နွေဥတု’ ဖြစ်၍ မြောက်ဘက်ခြမ်းသည် ‘ဆောင်းဥတု’ ဖြစ်နေသည်။ ထိုသို့အားဖြင့် ကမ္ဘာကြီးသည် မိမိကိုယ်ကို အနည်းငယ်တိမ်းစောင်းကာ နေကိုဗဟိုပြု၍ လှည့်ပတ်နေခြင်းကြောင့် ရာသီတွေ အလီလီ ပြောင်းကြရသည်။

ထို့ကြောင့် ကမ္ဘာ၏ တောင်ဘက်ခြမ်း ဒက္ခိဏာယဉ်စွန်းတန်းနှင့်နီးသော မြန်မာနိုင်ငံသည်လည်း ‘မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်’ စသည့် ရာသီခွင်များ အစဉ်လိုက်လှည့်လည် ကူးပြောင်းကြသည်။ ထိုသို့ ကူးပြောင်းရာတွင် ‘သူရိယသိဒ္ဓိကျမ်း’ အလိုအရ ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ တနင်္ဂနွေဂြိုဟ်နေမင်းသည် မိဿရာသီအစ သုညအံသာသို့ ဝင်သည်ဟု ဆိုပါသည်။ ထိုအချိန်သည် သင်္ကြန်အကျနေ့ဖြစ်သည်။ နှစ်သစ်သို့ မကူးသေးချေ။ ထိုသို့ မိဿရာသီခွင်သို့ဝင်ပြီးနောက် ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ ၄၀ စက္ကန့် တနင်္ဂနွေဂြိုဟ်သည် အပြီးတိုင်ရောက်ရှိသွားသဖြင့် ထိုသို့နှစ်ရက်ကျော်ကာလကြာမှ အတာတက်၍ နှစ်သစ်ကူးသည်ဟု အသိအမှတ်ပြုကြောင်း ဆရာကြီး မောင်ထင်၏ မြန်မာဆယ့်နှစ်လစာအုပ်တွင် ပြဆိုထားကြောင်း တွေ့ရသည်။

မြန်မာတို့၏ အထွတ်အမြတ်တန်ဖိုးထားသော မင်္ဂလာရက်မြတ်မှာ နှစ်ဟောင်းကုန်ပျောက်၍ နှစ်သစ်သို့ကူးပြောင်းသောမဟာသင်္ကြန်တော်အခါသမယပင်ဖြစ်သည်။ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်လည်း ဖြစ်သည်။ သင်္ကြန်ရက်ကို အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူ၍ သုံးရက်သတ်မှတ်ပြီး ရက်ထပ်နှစ်များတွင် အကြတ်နှစ်ရက်ဖြစ်၍ သင်္ကြန်လေးရက် ကျင်းပသည်။ ထိုအတာသင်္ကြန်ရေပွဲသဘင်၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်မှုကို သရုပ်ဖော်ခြင်းဖြစ်သည်။ အဓိကဦးတည်ချက်မှာ ဤသို့ ပျော်ရွှင်စွာ ရေကစားခြင်းဖြင့် အတာရေအေးကြောင့် စိတ်ချမ်းမြေ့ကာ အေးမြသောဓာတ်၊ မပြိုမကွဲဘဲ အမြဲစည်းလုံးစေသောဓာတ်၊ ရေကိုတားသော်လည်း အကြားမထင် ချစ်ခင်ရင်းနှီးသော မေတ္တာဓာတ်ယှက်နွယ်မှုတို့ ခံစားဖြစ်ပေါ်စေလျက် ကမ္ဘာလောကကြီးတစ်ခုလုံး အေးချမ်းသာယာစေသော နိမိတ်ကို ဆောင်ခြင်းဖြစ်ပေသည်။ ထို့ပြင် နှစ်သစ်မင်္ဂလာသို့ ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှ မကောင်းသော အညစ်အကြေး၊ အပြစ်ကြွေးတွေကို သန့်စင်မွန်မြတ်သော အတာသင်္ကြန်ရေမြတ်ဖြင့်ဆေးကြောကာ ကောင်းမြတ်သောစိတ်များမွေးမြူလျက် ကိုယ်ကျင့်သီလနှင့် စိတ်ကောင်းစိတ်မြတ်များ မိမိ၏နှလုံးအိမ်တွင် အစဉ်မပြတ်တည်ရှိနေစေရန် ကျင့်ဆောင်ရမည့်ကာလပင်ဖြစ်သည်။

ထို့ပြင် သင်္ကြန်ကာလတွင် မပြုလုပ်အပ်သည့် တရားဆယ်ပါး မှတ်သားစရာမှာ ‘မင်္ဂလာစကား လင်္ကာကြားအံ့၊ ကြောင်းလျားစုံစေ့ သင်္ကြန်နေ့၌၊ မတွေ့ဝေးစွာ ရောင်ကုန်ရာသား၊ မသာနှလုံး ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး ငိုကြွေးကုန်ထ၊ ကာမအရာ မေထုနာနှင့်၊ ပါဏာသတ်ပုတ် သောက်ထုတ်သေရက်၊ မျက်ထွက် မာန ပဋိဃနှင့်၊ ဒေါသကိုငြိမ်း ဆီလိမ်းပွတ်ဆင်၊ သစ်ပင် ခုတ်ဖြတ် သတ်ခက်ကုန်ရှောင်၊ အရောင်းအဝယ် ဤတစ်ဆယ်ကို၊ လူနတ်လူ့ခွင် လူကိုပင်ထား၊ မြင်းမိုရ်ဖျားဝယ် သိကြားသော်မှ၊ မပြုကြရာ ရှောင်ကြဉ်ရာဟု၊ ကျမ်းလာသော်ကား လင်္ကာကြားသည်၊ ဤကား မဟာသင်္ကြန် အလိုတည်း’ ဟု ရှောင်ကြဉ်ရမည့်အချက် (၁၀)ချက်ကို ရှေးဟောင်းစာဆိုပညာရှင်များက ဆုံးမထားပေသည်။

ထို့ကြောင့် အတာကူးသည့် သင်္ကြန်ရေပွဲသဘင်ကြီးတွင် အချင်းချင်း ချစ်ခင်ရင်းနှီးကြ၍ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားခြင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးတို့တွင် သန့်ရှင်းရေးပြုလုပ်၍ ကုသိုလ်ယူခြင်း၊ အမွှေးနံ့သာတို့ဖြင့် ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အို မိဘ၊ ဘိုး၊ ဘွား၊ ဆရာသမားများကို ခေါင်းမှခြေအဆုံး သန့်ရှင်းပေး၍ ကုသိုလ်ယူခြင်း၊ လှူဒါန်းဖွယ်ရာအဖြာဖြာနှင့် လှူဒါန်းကုသိုလ်ယူခြင်း၊ စေတနာ ကျွေးမွေးလှူဒါန်းခြင်း၊ သတ္တဝါအများ သနားသောအားဖြင့် ဘေးမဲ့လွှတ်ပွဲများ ကျင်းပ၍ မြန်မာတို့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ အတာရေပွဲသဘင်ကို နှစ်ဦးအစ နှစ်ဦးနှစ်ဖျားတွင် ကျက်သရေမင်္ဂလာရှိစွာ နှစ်သစ်သို့ ကူးပြောင်းစေခြင်းသည် အကောင်းဆုံး နှစ်သစ်ကူးခြင်းပင် ဖြစ်သည်။

ရှေးပဝေသဏီကပင် မြန်မာတို့၏ ထုံးတမ်းစဉ်လာအတိုင်း ကျက်သရေမင်္ဂလာရှိစွာ နှစ်သစ်သို့ကူးပြောင်းခဲ့ကြသော သင်္ကြန်ပွဲတော်ကြီးကို အရုပ်ဆိုးအကျည်းမတန်အောင် မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုအဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ပြင် ကျက်သရေမင်္ဂလာ ဆပွားတိုးတက်စေရန်အတွက် ‘ရုဒ၊ မေထုန၊ မံသ၊ သူရာ၊ ကောခ၊ ရမိရ၊ တေလိက၊ ရက္ခစ္ဆေဒ၊ ကိဏ၊ ဝိက္ကဏ’ ဆိုသော သင်္ကြန်တွင်းကာလ ရှောင်ကြဉ်ရန် (၁၀) ချက်ကိုလည်း တိကျစွာလိုက်နာရှောင်ကြဉ်သင့်ပေသည်။ ထို့ပြင် ဘာသာရေးပွဲတော်များကို အခြေခံကာ နိုင်ငံနှင့်လူမျိုး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲစေရေးအတွက် ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေသော၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ကျူးသည့် စစ်ရေး၊ မြင်းရေး၊ လှံရေး၊ လှေရေးတို့ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရာသီအလိုက်ပွဲတော်များသည် မျိုးဆက်သစ်လူငယ်များအတွက် လက်ဆင့်ကမ်းသည့် ရိုးရာအမွေအနှစ်တို့၏ ပုံရိပ်များပင်ဖြစ်ပေသည်။

အချုပ်ဆိုရသော် မေတ္တာဓာတ်ကိုအခြေခံသော အေးမြကြည်လင်သောသင်္ကြန်ရေ သွန်းလောင်းပက်ဖျန်းခြင်း၊ ‘ပူဇာစ’ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ‘ဂါရဝေါစ’ အသက်ဂုဏ်ဝါကြီးမြတ်သူများကို အရိုအသေပြုခြင်း၊ ‘ဒါနဉ္စ’ လှူဒါန်းပေးကမ်းခြင်း၊ ‘ခန္တီစ’ တစ်ဦးပေါ်တစ်ဦး သည်းခံခွင့်လွှတ်ခြင်းတို့ဖြင့် ကပ်သုံးပါးဘေးမှ လွတ်မြောက်အောင် ကျက်သရေမင်္ဂလာရှိစွာနေထိုင်ခြင်း၊ နှစ်ကာလတို့၏ မတည်မမြဲ ရွေ့လျားပြောင်းလဲနေခြင်းကို ပမာပြု၍ သံဝေရသဘောတရားအစဉ်ကို နှလုံးသွင်းဆင်ခြင်ကြလျက် သင်္ကြန်တော် ခါတန်ခူးမှစ၍ မွေ့လျော်ကြည်နူးစွာ နှလုံးစိတ်ဝမ်းအေးချမ်းသာယာငြိမ်းချမ်းစွာ ပျော်ရွှင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

> အတာကူးသည့် သင်္ကြန်ရေပွဲသဘင်ကြီးတွင် အချင်းချင်း ချစ်ခင်ရင်းနှီးကြ၍ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားခြင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးတို့တွင် သန့်ရှင်းရေးပြုလုပ်၍ ကုသိုလ်ယူခြင်း၊ အမွှေးနံ့သာတို့ဖြင့် ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အို မိဘ၊ ဘိုး၊ ဘွား၊ ဆရာသမားများကို ခေါင်းမှခြေအဆုံး သန့်ရှင်းပေး၍ ကုသိုလ်ယူခြင်း၊ လှူဒါန်းဖွယ်ရာအဖြာဖြာနှင့် လှူဒါန်းကုသိုလ်ယူခြင်း၊ စေတနာ ကျွေးမွေးလှူဒါန်းခြင်း၊ သတ္တဝါအများ သနားသောအားဖြင့် ဘေးမဲ့လွှတ်ပွဲများ ကျင်းပ၍ မြန်မာတို့ ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ အတာရေပွဲသဘင်ကို နှစ်ဦးအစ နှစ်ဦးနှစ်ဖျားတွင် ကျက်သရေမင်္ဂလာရှိစွာ နှစ်သစ်သို့ ကူးပြောင်းစေခြင်းသည် အကောင်းဆုံး နှစ်သစ်ကူးခြင်းပင်ဖြစ်သည်။

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ မတ် ၃၀ရက်တွင် စတင်မည်



**ဝါရှင်တန် မတ် ၁၉**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲကိုလာမည့် မတ် ၃၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၆ ရက်အထိ ရှစ်ရက်ကြာကျင်းပသွားမည်ဖြစ်သည်။

2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Credit One Charleston Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဟူဂိုဘိုလင်ကို မိုချန်ဂလာဘတ်အသင်း အပြီးသတ်ခေါ်ယူ

**မြူးနစ် မတ် ၁၉**

ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းသည် မာလ်မိုအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဟူဂိုဘိုလင်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဟူဂိုဘိုလင်သည် ယခုနှစ်ဘောလုံးရာသီတွင် မာလ်မိုအသင်းမှ မိုချန်ဂလာဘတ်အသင်းကို အငှားပြောင်းရွှေ့ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိုချန်ဂလာဘတ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ ဟူဂိုဘိုလင်က "ကျွန်တော် မိုချန်ဂလာဘတ်အသင်းကို အပြီးသတ်ပြောင်းရွှေ့ခွင့်ရခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် မတ် ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် လီဗာပူးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်း၊ အာဆင်နယ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် ပထမအကျော့ကို လာမည့်ဧပြီ ၈ ရက်နှင့် ဒုတိယအကျော့ကို ဧပြီ ၁၅ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ချန်ပီယံဆုကို ဆွတ်ခူးရန် အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ရေပန်းစားလျက်ရှိသည်။

**(အောက်ပုံ)**

**(NGB)**



## လီဝန်ဒေါဗစ်ကီး ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**ဘာစီလိုနာ မတ် ၁၉**

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး လီဝန်ဒေါစကီးကို မကြာမီရက်ပိုင်းအတွင်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။



အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဘာစီလိုနာအသင်းနှင့်သာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲ စုံ ၃၅ ပွဲကစားပြီး ၁၄ ဂိုးအထိ သွင်းယူထားသည်။

ဘာစီလိုနာအသင်း၏ထုတ်ပြန်ချက်တွင် "လီဝန်ဒေါစကီးနဲ့ မကြာမီရက်ပိုင်းအတွင်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ယာပုံ) (NGB)**

## ဂျွန်စတုန်းကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် မတ် ၁၉**

အဲဗာတန်အသင်းသည် မန်စီးတီးအသင်း နောက်ခံကစားသမား ဂျွန်စတုန်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၂ ပွဲကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂျွန်စတုန်းကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် မန်စီးတီးအသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းထံမှ ဂျွန်စတုန်းကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(NGB)**

## ခီဖရန်သူရမ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**တူရင် မတ် ၁၉**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ခီဖရန်သူရမ်သည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းက အူဒီးနီးစ်အသင်းကို တစ်ဂိုး၊ ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား ခီဖရန်သူရမ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျူဗင်တပ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ခီဖရန်သူရမ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ ပွဲကစားကာ ရှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**



## ဘောလုံးသတင်း အတိုအထွာများ

* ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

* ဖူလ်ဟမ်အသင်းသည် ပီအက်စ်ဗွီအသင်း တိုက်စစ်မှူး ရီကာဒိုပီပီအား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘုန်းမောက်အသင်း တောင်ပံကစားသမား ရာယန်သည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘရာဇီးလက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ **(NGB)**

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက်၀၂:၃၀ နာရီ | (၁၇)ပရက်စတန် - စတုတ်(၁၃)<br>(D,L,L,L,L) (W,L,L,D,W) | ပရက်စတန် ၁-၁ စတုတ်<br>စတုတ် ၀-၀ ပရက်စတန် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက်၀၂:၃၀ နာရီ | (၁၀)ဘုန်းမောက် - မန်ယူ(၃)<br>(W,D,D,D,D) (D,W,W,L,W) | ဘုန်းမောက် ၁-၁ မန်ယူ<br>မန်ယူ ၀-၃ ဘုန်းမောက် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက်၀၀:၀၀ နာရီ | (၁၅)ကက်ဂလီယာရီ - နာပိုလီ(၃)<br>(L,D,D,L,L) (D,L,W,W,W) | ကက်ဂလီယာရီ ၀-၄ နာပိုလီ<br>နာပိုလီ ၂-၀ ကက်ဂလီယာရီ |
| ၂၁-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၃)ဂျီနိုအာ - အူဒီးနီစ်(၁၁)<br>(D,W,L,W,W) (L,L,W,D,L) | ဂျီနိုအာ ၁-၀ အူဒီးနီစ်<br>အူဒီးနီစ် ၀-၂ ဂျီနိုအာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၄)ဗီလာရီးရဲလ် - ဆိုစီဒက်(၇)<br>(W,W,L,W,D) (D,W,W,L,W) | ဗီလာရီးရဲလ် ၂-၂ ဆိုစီဒက်<br>ဆိုစီဒက် ၁-၀ ဗီလာရီးရဲလ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက်၀၂:၀၀ နာရီ | (၅)လိုက်ပဇစ် - ဟော့ဖန်ဟိုင်း(၃)<br>(D,D,W,W,L) (W,D,L,W,D) | လိုက်ပဇစ် ၃-၁ ဟော့ဖန်ဟိုင်း<br>ဟော့ဖန်ဟိုင်း ၄-၃ လိုက်ပဇစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၃-၂၀၂၆<br>နံနက်၀၂:၁၅ နာရီ | (၂)လန်းစ် - အန်ဂါးစ်(၁၂)<br>(L,D,W,W,L) (L,L,L,W,L) | လန်းစ် ၁-၀ အန်ဂါးစ်<br>အန်ဂါးစ် ၀-၁ လန်းစ် |



# အားကစားနည်းအလိုက် ဒိုင်၊ နည်းပြသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားရုံ၌ မတ် ၁၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အားကစားနည်းအလိုက် ဒိုင်၊ နည်းပြသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်မိန့်ခွန်းပြောကြားပြီး အားကစားနည်းအလိုက် ဒိုင်၊ နည်းပြသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဒိုင်၊ နည်းပြသင်တန်းသားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်ကြသည်။ ၎င်းနောက် ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် အားကစားနည်း ၁၃ နည်းဖြစ်သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ပန်ကြပ်ဆီလပ်၊ ဝူရှူး၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ပီတန်းနှင့် အေရိုးဗစ်အားကစားနည်းများကို သင်တန်းသား ၁၅၆ ဦး၊ သင်တန်းသူ ၈၇ ဦး၊ စုစုပေါင်း ၂၄၃ ဦးဖြင့် မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၆၈)**

# ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု အသိပေးထား



အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ပြဿနာများကြောင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဦးလှမိုးက မတ် ၁၃ ရက်တွင် ကျင်းပခဲ့သည့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၌ ပြောကြားခဲ့သည်။

အတတ်နိုင်ဆုံး ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ပေးကြရန်နှင့် ခွင့်ပြုထားသည့်လိုင်စင်လက်ကျန်များ အမြန်ဆုံးတင်သွင်းကြရန် အစည်းအဝေးကို တက်ရောက်လာသော မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ရည်ညွှန်းဈေးနှုန်းထုတ်ပြန်မှုအရ မတ်လအတွက် ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ နှုန်း၊ ၁၅ ပတ်လည် ကွန်ပေါင်းမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ကော်မတီဝင်ဌာနများအနေဖြင့် ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းကိုအခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှု ရှိ၊ မရှိ၊ သွင်းအားစုများ သိုလှောင်ဈေးကစားခြင်းများ ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ပေးရန် တိုက်တွန်းထားသည်။

မြေဩဇာအသင်းကလည်း ကုမ္ပဏီများကရရှိပြီး လိုင်စင်တွေကိုင်ထားခြင်းမျိုး မပြုလုပ်ကြရန်နှင့် အမှန်တင်သွင်းဖြန့်ဖြူးရန်၊ လိုအပ်မှသာ လိုင်စင်လျှောက်ထားကြရန် ကြီးကြပ်ပေးရမည်ဖြစ်ကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးက မှာကြားခဲ့သည်။

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏အချက်အလက်များအရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်အထိ မြေဩဇာတန်ချိန် ၁ ဒသမ ၁၁၈ သန်းခန့် အမှန်တင်သွင်းခဲ့ပြီး ၉၈၃၅၆၉ ဒသမ ၇၇ တန် ဖြန့်ဖြူးရောင်းချခဲ့သည်။

ဂိုထောင်လက်ကျန်အနေဖြင့် တန်ချိန် ၂၈၅၀၀၁ ဒသမ ၉၀ တန်၊ လိုင်စင်ရပြီး ဆိပ်ကမ်းရောက်ရှိ တန်ချိန် ၂၂၅၇၂ ဒသမ ၂၂ တန်ရှိသောကြောင့် စုစုပေါင်း တန်ချိန် သုံးသိန်းရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရွှေမန်း**

# မြန်မာနိုင်ငံတွင် ကော်ဖီတန်ချိန်တစ်သောင်းခန့် နှစ်စဉ်ထွက်၊ ပြည်ပရင်းနှီးမြှုပ်နှံမှု စိတ်ဝင်စားမှုမြင့်တက်

**မန္တလေး မတ် ၁၉**


မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှ နှစ်စဉ် ကော်ဖီတန်ချိန် တစ်သောင်းခန့် ထွက်နေပြီး ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံလိုသည့် စိတ်ဝင်စားမှုများလည်း တိုးမြင့်လာနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရန် သင့်လျော်သည့် မြေနေရာ များစွာရှိပြီး ကုန်းမြင့်နှင့် ကုန်းနိမ့်ဒေသများမှ အရည်အသွေးမြင့် ကော်ဖီများ ထွက်ရှိနိုင်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

ထို့အပြင် ထုတ်လုပ်မှုနည်းပညာများလည်း ရရှိထားပြီး ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်ရန် အလားအလာကောင်းများ ရှိနေသည်ဟု ဆိုသည်။

ထိုအခြေအနေများကြောင့် တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများက မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြပြီး လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံကော်ဖီအသင်းသည် အာဆီယံကော်ဖီဖက်ဒရေးရှင်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ယင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာ့ကော်ဖီကဏ္ဍအတွက် အကျိုးကျေးဇူးများ ရရှိလာနိုင်ကြောင်းလည်း သိရသည်။



လက်ရှိတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများက အဓိကဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့်ကော်ဖီများအနက် ခန့်မှန်းခြေ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။

တရုတ်နှင့် ထိုင်းနိုင်ငံများသို့ အများဆုံးတင်ပို့နေပြီး အထူးတန်းဝင် ကော်ဖီများကို အမေရိကန်၊ ဥရောပ၊ ယူအေအီး၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-စ)**



# Fire Hotspot လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း မတ် ၁၉**

စစ်ကိုင်းမြို့၌ Fire Hotspot လျှော့ချရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ လျှော့ချနိုင်ရေး၊ မီးခိုးမြူငွေ့တွင် ပါဝင်သည့် လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လူသားနှင့် ပတ်ဝန်းကျင်အပေါ် အန္တရာယ်သက်ရောက်မှုမရှိစေရေးအတွက် ပြည်သူများ သိရှိနိုင်စေရန် စစ်ကိုင်း ခရိုင်အဆင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် မတ် ၁၇ ရက် နံနက်ပိုင်းက စစ်ကိုင်း-မုံရွာကားလမ်း၊ ကျော်ထက်ကွေ့မီးပွိုင့်အနီး၌ ဖြတ်သန်းသွားလာကြသော ပြည်သူများထံ "နိုင်ငံအတွင်း မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် စစ်ကိုင်းခရိုင်အဆင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ တောမီးမရှို့စေရေး၊ တောမီးကူးစက်လောင်ကျွမ်းမှု မရှိစေရေး၊ သစ်တောဧရိယာအနီး နေထိုင်သူများမှ သစ်ရွက်ခြောက်နှင့် အမှိုက်များ မီးမရှို့စေရေးအတွက် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

# လျှပ်စစ်ရေတင်စီမံကိန်းဖြင့် နွေစပါး ဧက ၃၅၀ အတွက် ရေပေးဝေစိုက်ပျိုး

**မင်းဘူး မတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်တွင် ကျောက်စံနှင့် ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းများဖြင့် နွေစပါး ဧက ၃၅၀ အတွက် ရေပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ဒေသခံတောင်သူများက ဆည်ရေသောက်ဧရိယာများ၊ အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်းများ စသော ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ၂၀၂၆-၂၀၂၇ နွေစပါးစိုက်ပျိုးရာသီ၌ ကျောက်စံနှင့် ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆိုလာဓာတ်အားပေးစနစ် ရေတင်ခြင်းများဖြင့် နွေစပါး ဧက ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိသည်။

မင်းဘူး(စကု) မြို့နယ်မှ ဒေသခံတောင်သူများ လူမှုစီးပွား ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်ဧကအားနှင့်သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက် လျှပ်စစ်နှင့် ဆိုလာဓာတ်အားစနစ်သုံး စီမံကိန်းတို့မှ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ ကန်းနီဆိုလာ လျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းမှ ဧက ၁၅၀ ကို ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ ကျောက်စံဆိုလာလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၂၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်က ရေများပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။ **(အောက်ပုံ)(၅၀၄)**





## လွှတ်တော်ရုံးလုပ်ငန်းများ ရှင်းလင်းမိတ်ဆက်ခြင်း အခမ်းအနား မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် ပြုလုပ်

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ လွှတ်တော်ရုံးလုပ်ငန်းများ ရှင်းလင်းမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော် သဘင်ဆောင်တွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ၇၂ ဦး တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်ဇော်က မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆောင်ရွက်ချက်များနှင့် လွှတ်တော်အစည်းအဝေး(ပထမနေ့) အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး ဌာနအသီးသီးမှ တာဝန်ရှိသူများက ဌာနစုများအလိုက် ရှင်းလင်းတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(၀၉၃)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် မတ် ၁၉**

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးပြည့်ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ စီမံကိန်းလည်ပတ် ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကမမောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၁၉ ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**(အောက်ပုံ) ဆက်လူ**



## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) **ကျုံးတောင်ဘက်ခြမ်း (၂၆)လမ်း**

(၁) **၆၆ လမ်းမှ ၇၁ လမ်းအထိ လမ်းတောင်ဘက်ခြမ်းတွင် လမ်းလျှောက်သင်္ကြန်ပွဲတော်**

(၂) **၆၆ လမ်းမှ ၇၈ လမ်းအထိ ကျုံးဘက်ခြမ်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ်နှင့်ဖျော်ဖြေရေးမဏ္ဍပ်ကြီးများ**

(ခ) **၆၆ လမ်း၊ ကျုံးအရှေ့ဘက်ခြမ်းတွင် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်ကြီးများ**

(ဂ) **လမ်း ၈၀၊ ကျုံးအနောက်ဘက်ခြမ်းတွင် ရေကစားမဏ္ဍပ်နှင့် ရေစုပ်စက်များဖြင့် ရေကစားလိုသူများ**

(ဃ) **၁၂ လမ်းနှင့် လမ်း ၈၀ တွင် အပျော်တမ်းရေကစားမဏ္ဍပ်နှင့် ရေစုပ်စက်များဖြင့် ရေကစားလိုသူများ**

(င) **၇၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားတွင် စေတီသာမဏ္ဍပ်ကြီးမှ နေ့စဉ် သင်္ကြန်ထမင်းဟင်းနှင့် စေတီသာများ ညှော်ခံကျွေးမွေးခြင်း**

(စ) **၂၆ လမ်း၊ ၈၄ လမ်း၊ နာရီစင်အနီး ဈေးချိုသူ ရေကစားမဏ္ဍပ်မှ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ညှော်ခံဖျော်ဖြေ၍ စေတီသာများဖြင့် ညှော်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။**

(ဆ) **ကမ်းနားလမ်း၊ ၂၆ လမ်းမှ ၃၅ လမ်းအထိ မဏ္ဍပ်ကြီးများမှ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ညှော်ခံဖျော်ဖြေ၍ စေတီသာများဖြင့် ညှော်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။**

(ဇ) **၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလေ့များ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ညှော်ခံဖျော်ဖြေ၍ စေတီသာများဖြင့် ညှော်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။**

(ဈ) **မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ်ဆောက်လုပ်၍လည်းကောင်း၊ ရေစုပ်စက်ဖြင့်လည်းကောင်း ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။**

(ည) **ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်နေရာမှအပ ကျန်နေရာအားလုံးတွင် မော်တော်ကားများဖြင့် သင်္ကြန်ရေကစားခြင်းကို ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်များဖြင့် ရေကစားခြင်း ခွင့်မပြုပါ။**

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ကျုံးပတ်လည်ရှိ ၂၆ လမ်း၊ ၆၆ လမ်း၊ ၁၂ လမ်း၊ လမ်း ၈၀ တို့တွင် ရေကစားမဏ္ဍပ်များ၊ စေတီသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန်မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉ ၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ (၉-၄-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။

## မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဓာတ်ပုံနှင့် ပန်းချီပြိုင်ပွဲ ကျင်းပရန်အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**မန္တလေး မတ် ၁၉**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး)တို့ ပူးပေါင်းကျင်းပမည့် မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဓာတ်ပုံနှင့် ပန်းချီပြိုင်ပွဲကျင်းပရန်အတွက် သတင်းစာရှင်းလင်းပွဲကို မတ် ၁၈ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ အဆိုပါ အသင်းရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ရုံးခွဲ(မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အထက်မြန်မာပြည်ဓာတ်ပုံအသင်းမှ ဦးစစ်သွေးကျော်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းချီဌာန ပါမောက္ခ ဒေါ်စန္ဒာဝင်းတို့က ပြိုင်ပွဲ အစီအစဉ်များနှင့် ပြိုင်ပွဲ စည်းကမ်းချက်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ယခုကျင်းပမည့် ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် သိန်း ၃၀ ၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀ ၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ၁၀ ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး ပန်းချီပြိုင်ပွဲအတွက်လည်း အဆင့်မြင့်ပညာ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းဟူ၍ အဆင့်လေးဆင့်ခွဲခြားကာ ပထမဆုများကို ငွေကျပ် ရှစ်သိန်းမှ ငွေကျပ် ၁၅ သိန်းအထိ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှစ်ရပ်အတွက် ဆုကြေးငွေနှင့် အထွေထွေကုန်ကျစရိတ် စုစုပေါင်း ငွေကျပ် ၂၅၇ သိန်းကျော် အသုံးပြုသွားမည်ဖြစ်ပြီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တရုတ်သံရုံး၊ ဘုံကျောင်းများနှင့် တရုတ်ကျောင်းများမှ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၃၅၀ မ,တည်လှူဒါန်းထားကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀



သစ်တောထိန်းသိမ်း
တောတွေစိမ်းမှ
ချမ်းငြိမ်းပြည့်ရွာ
နိုင်ငံသာ၏။

# အိုဘယ့်ချင်းမိုင်(၂၀)

ချင်းမိုင်ဂီတ
ချိုမြသံစဉ်
အနုအကြမ်း
အလွမ်းအစုံလင်။

**'ချင်းမိုင်ဂီတ ချင်းမိုင်သုခုမ'**

**ပြကွက်(၁)**

ချင်းမိုင်ရဲ့ ဂန္ဓဝင်ဂီတရိုးရာသုခုမ အကအလှ ညချမ်းဟာ ခါနွေဆန်းတော့မယ့် ဆောင်းနှောင်း လက်ကျန်အငွေ့အသက်တွေနဲ့ အေးမြသာယာနေတယ်။ အိုးစည်သံ တဗုံဗုံ၊ လင်းကွင်းသံ တချွမ်းချွမ်း၊ မောင်းသံက တနောင်နောင် မြိုင်ဆိုင်မြူးကြွတဲ့ အကြမ်းဂီတသံစဉ်တွေကြားမှာ နူးညံ့ယဉ်ကျေး ကိန္နရီမလေးများက အတောင်တဖျပ်ဖျပ်ခတ်ကာ ရောင်စုံမီးများကြားက ဇာတ်စင်နောက်ကို ပျောက်ကွယ်သွားပါတယ်။

**ပြကွက်(၂)**

ပြကွက်(၂)အဖြစ် ထိုင်းပဒေသရာဇ် ယဉ်ကျေးမှု ဘုရင်စနစ်ထဲက မိဖုရားတစ်ပါးရဲ့ ဝေါယာဉ်နဲ့ ထွက်တော်မူခန်းပဲဖြစ်ပါတယ်။ ဒီပြကွက်ရဲ့ ရည်ရွယ်ချက်ကို မှန်းဆကြည့်တဲ့အခါ ထိုင်းလူမျိုးတွေဟာ သူတို့ရဲ့ ပဒေသရာဇ်ယဉ်ကျေးမှု လွှဘောင်အတွင်းမှာ ဘယ်လောက်ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့တယ်၊ ခိုင်မာသော ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ရှိခဲ့ပြီး တိုင်းနိုင်ငံထူထောင်နိုင်ခဲ့တဲ့ လူမျိုးတစ်မျိုးဖြစ်တယ်ဆိုတာကို ဒီပြကွက်က မီးမောင်းထိုးပြပါတယ်။

နရီစည်းချက်နဲ့အတူ ငြိမ့်ညောင်းသာယာ ထွက်တော်မူဟန်မှာ နောက်ခံဂီတအဖြစ် နဲ့ကသံရှည်ဆွဲကာ ဦးဆောင်ပါတယ်။ နဲ့ဆရာရဲ့ ကျွမ်းကျင်မှုက ချောလွန်းတာကြောင့် တယောသံအလား ထင်မှတ်မှားရပြန်တယ်။ ဗုံထောက်သံနဲ့အတူ စည်းနဲ့ဝါးက အချက်ကျကျ ထောက်ကူပေးတယ်။ ဝေါယာဉ်ရဲ့ဘေးမှာ ရှေးနန်းတွင်းအပျိုတော်များက တစ်ဖက်လေးယောက်စီ ခြံရံပြီး လိုက်ပါလာတယ်။

သူတို့ရဲ့ ဝတ်စားဆင်ယင်ပုံက ရှေးဇင်းမယ် နန်းတွင်းသူများရဲ့ ဝတ်စားဟန်အတိုင်းပါပဲ။ ထူးခြားတာက ဝတ်ရုံနီကို ရင်တစ်ခြမ်းလွှမ်းခြုံပြီး ညာဘက်ပခုံးပေါ်မှ နောက်ဘက်ကို ချထားပါတယ်။ သူတို့ရဲ့လည်တိုင်မှာ ဘယ်ဘက်တန်ဆာနဲ့ ရွှေစလွယ်ကြိုးကို ညာပခုံးမှ ဘယ်ဘက်တင်ပါးဆီ စလွယ်သိုင်းကာချထားတယ်။ မြင့်မားတဲ့ ဆံထုံးဟာ ဘီးဆံပတ်ပုံရှိတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ တောင်ငူခေတ်က နန်းတွင်း အမျိုးသမီးစာဆို ရဝေရှင်ထွေးရဲ့ ဆံထုံးနည်း ၅၅ မျိုး စာပေနဲ့မှတ်တမ်းပြုခဲ့တာကို သတိရမိတယ်။

ယခု တွေ့မြင်ရတဲ့ ဇင်းမယ်သူများရဲ့ဟန်၊ ဆံထုံးပုံဟာ မြန်မာဆံထုံးနည်း ၅၅ မျိုးနဲ့ ဆက်နွှယ်နေမလားလို့ အတွေးပွားမိပါတယ်။

နဖူးပေါ်ရှိ ဆံထုံးအခြေမှာ အဖြူရောင်ဆံကုတ် ကိုယ်စီပါရှိပြီး ဆံထုံးရဲ့အလယ်မှာ ဆံထိုးကို တင့်တင့်တယ်တယ် ထိုးစိုက်ထားတယ်။ သူတို့ ဦးခေါင်းရဲ့ ညာဘက်ဘေးမှာ ပန်းရောင်နဲ့အဖြူရောင် ရောစပ်တဲ့ သစ်ခွပန်းများကို ကိုယ်စီပန်ထားတယ်။ ခါးမှာက ရွှေရောင်သတ္တုခါးပတ်နဲ့ သွယ်ပျောင်းတဲ့ လက်ကောက်ဝတ်တွေမှာ ရွှေလက်ကောက်ကြီးများကို နှစ်ကွင်းစီ ဝတ်ဆင်ထားတယ်။ ဒါ့အပြင် စည်းချက်ကျ လှုပ်ရှားနေတဲ့သူတို့ရဲ့ ခြေထောက်မှာ ရွှေခြေချင်း နှစ်ကွင်းစီ ဝတ်ဆင်ထားတာကို တွေ့ရတယ်။

နန်းတွင်းသူများ ခြံရံကတဲ့ မြေဝိုင်း(ကော်ဇောခင်းထား)အလယ်က ဝေါယာဉ်ပေါ်မှာ ထိုင်းပဒေသရာဇ် မိဖုရားတစ်ပါးဟာ ပြုံးရွှင်တဲ့ မျက်နှာတင့်တယ်ခံ့ညားတဲ့ အသွင်နဲ့ ကျုံ့ကျုံ့ထိုင်ကာ လိုက်ပါလာတယ်။ ရင်တစ်ပိုင်း လွှမ်းတဲ့ အစိမ်းနုရောင် ဝတ်ရုံလွှာကို ညာဘက်ပခုံးမှ နောက်ဘက်ကို ချထားပါတယ်။ ဦးခေါင်းရဲ့ နောက်ဘက်မှာ ညောင်ရွက်သဏ္ဍာန် ရွှေပန်းခက်နဲ့ တန်ဆာဆင်တယ်။ လည်ပင်းမှာ ဘယက်တန်ဆာဆင်ထားပြီး ထိုင်လျက်အနေအထားနဲ့ သူ့လက်နှစ်ဖက်က စည်းချက်နဲ့အညီ ကဟန်ပြုတယ်။ ရိုးရာဝတ်စုံဝတ်ထားတဲ့ ဝေါယာဉ်ထမ်းသူ ယောကျ်ားကလေးလေးဦးဟာ စောစောက ဆိုင်းအဝမှာ ဇည့်ကြိုတဲ့ အိုးစည်ဝိုင်းတော်သားများ ဖြစ်ဟန်ရှိတယ်။

ဝေါယာဉ်ရဲ့ နောက်ဘက်မှာ ဆွမ်းတော်အုပ်ကိုင်၊ ရွှေပန်းခိုင်ကိုင်၊ ယပ်တောင်ကိုင် ပျိုဖြူများ၊ သူတို့နောက်မှာ ထီးဖြူကိုင်၊ ရွှေထီးကိုင် လုလင်များနဲ့ သားမြီးယပ်လို့ ယပ်တောင်ကိုင်သူများ တန်းစီထွက်လာတာကို တွေ့မြင်ရတယ်။ မြန်မာ့ဇာတ်သဘင်လောကမှာတော့ နောက်ပိုင်း ဇာတ်တော် မကကြတော့လို ရှေးသဘင်ဟန် ကွယ်ပျောက်ကာ မိမိတို့ နိုင်ငံရဲ့ ယဉ်ကျေးမှုအစဉ်အလာကောင်းတွေကို မဖော်ထုတ်နိုင်တာကြာခဲ့ပါပြီ။

မျက်မှောက်ကာလမြင်တွေ့ရတဲ့ ထိုင်းတို့ရဲ့ ထွက်တော်မူဟန် နောက်ခံတီးလုံးဟာလည်း မြန်မာဘုရင်များရဲ့ ထွက်တော်မူဟန် နောက်ခံသံစဉ်များနဲ့ နီးစပ်နေတယ်လို့ ခံစားမိတယ်။ ကျွန်တော်တို့ ရွှေဧည့်သည်များကို အကဲခတ်လိုက်တော့ ချင်းမိုင်ရဲ့ ဂန္ဓဝင်ဂီတနဲ့ အကအလှကြားမှာ စီးမျောနေတာကို တွေ့ရတယ်။

**ပြကွက်(၃)**

ထွက်တော်မူဟန်ပြကွက်အပြီးမှာ ရွှေပွဲလာများက ထိုင်းမြောက်ပိုင်း ရိုးရာအစားအစာတွေကို စတင်စားသုံးပါပြီ။ ကိုရွှေဧည့်သည်အချို့က ထိုင်းရိုးရာအစားအစာများနဲ့ တွဲဖက်ကာ ထိုင်းနိုင်ငံထုတ်ဘီယာများကို မှာယူသောက်သုံးကြတာကိုလည်း တွေ့ရတယ်။ ရွှေဧည့်သည်များ နားနားနေနေ စားသောက်နေစဉ် စောစောက ဝေါယာဉ်ပေါ်မှာ မိဖုရားတစ်ပါးအဖြစ် သရုပ်ဆောင်တဲ့ အမျိုးသမီးက မြေဝိုင်းအလယ်ကို ဝင်ကာ ငြိမ့်ညောင်းတဲ့ သံစဉ်နဲ့ သီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင်နဲ့ သီဆိုပါတယ်။ ဒီသံစဉ်က တရုတ်သီချင်းသံစဉ်ကို မှီငြမ်းထားတဲ့ အဆိုတော် လားရှိုးသိန်းအောင် ရဲ့ 'နှုတ်မဆက်နဲ့ ငိုချင်တယ်' သီချင်းသံစဉ်နဲ့ တူနေသလို ခံစားမိတယ်။ ဒါ့အပြင် ပြကွက်(၂)က ဝေါယာဉ်ကို ခြံရံပြီး လိုက်ပါတဲ့ နန်းတွင်းသူ ရှစ်ဦးကလည်း ဝိုင်းအလယ်ကို ထီးနှင့် ယပ်တောင်များ ကိုင်လျက် ဝင်လာကာ အဆိုတော် အမျိုးသမီးကို ဝိုင်းရံပြီး စည်းချက်ကျ ကပြလှုပ်ရှားနေကြတယ်။ ဆွဲဆွဲငင်ငင် သီဆိုရတဲ့ သီချင်းသံစဉ်နဲ့အတူ သူတို့ရဲ့ ကဟန်၊ လှုပ်ရှားဟန်တွေကလည်း နူးညံ့သိမ်မွေ့လွန်းတယ်။

တယော ဦးဆောင်တဲ့ တေးသံစဉ်ကြားမှာ လင်းကွင်းသံကို စည်းဝါးကျကျ ချက်မှန်မှန်ကြားနေရတယ်။ သူတို့ရဲ့ ကဟန်က ရှေးက ဇင်းမယ်နန်းတွင်းပျိုဖြူများ နီးထလာသလို တင့်တယ်ခံ့ညားတဲ့အသွင်ကို ဆောင်တယ်။

**ပြကွက်(၄) 'ရာမဇာတ်တော်ကကွက်'**

ရာမဇာတ်တော်ရဲ့ ကြီးကျယ်ခမ်းနားပုံနဲ့ပတ်သက်ပြီး အရှေ့တောင်အာရှမှာ ပသျှူးရာမ၊ ယိုးဒယား(ထိုင်း)ရာမ၊ မြန်မာရာမနဲ့ တောင်အာရှက သီဟိုဠ်ရာမရယ်လို့ နိုင်ငံအလိုက် သူတို့အမျိုးသားဟန်နဲ့ တီထွင်ကြံဆ ကပြကြတယ်လို့ဆိုပါတယ်။ ၁၉၇၀ ပြည့် ဝန်းကျင်က မြန်မာနိုင်ငံမှာ တင်ဆက်ပုံ မူဟန်ကိုလိုက်ပြီး ရေကျော်ရာမနဲ့ ဖျာပုံရာမဆိုပြီး နှစ်ဖွဲ့ရှိခဲ့ကြောင်း သိရပါတယ်။ ယခုတွေ့မြင်ရတဲ့ ထိုင်းတို့ရဲ့ သီတာဒေဝီမင်းသမီးဆောင်းတဲ့အုပ်ဆောင်းဟာ အချွန်ပါပြီး တစ်တောင်နီးပါး ခန့်ရှည်ကာ ရတနာတွေ စီထားပါတယ်။ လက်မောင်းတစ်ဝက်ဖော်တဲ့ ပိုးသားအင်္ကျီဟာ အနုစိတ်ပုံဖော်ထားတဲ့ အနုပညာလက်ရာမြောက် ဇာအင်္ကျီပါ။ လည်တိုင်ရဲ့ အောက်ဘက်မှာ ရှေးမြန်မာစစ်သည်များရဲ့ ဇာလီကွေးလို ရွှေအိုရောင်အဝတ်ကို ဆင်မြန်းထားတယ်။

နောက်ကျောဘက်မှာ စိမ်းပြာနုရောင် ဝတ်ရုံလွှာနဲ့ ရတနာစီတဲ့ အနီရောင်ခါးစည်းဝတ်ဆင်ထားတယ်။ ခြေမျက်စိမှာ အိန္ဒိယကချေသည်များလို ခြေချင်းကြီး တစ်ဖက်တစ်ကွင်းစီပါတယ်။ သီတာဒေဝီဟာ ရွှန်းလဲ့တဲ့ မျက်လုံး၊ ပြုံးရွှင်တဲ့ မျက်နှာ၊ ညွတ်ပျောင်းတဲ့ ကဟန်ရှိတယ်။ ရွှေဧည့်သည်များကို အကဲခတ်ကြည့်မိတဲ့အခါ ရိုးရာအစားအစာတွေရဲ့ ရသာရုံအပြင် အမြင်အာရုံရဲ့ သုခုမမှာလည်း နစ်မျောနေဟန်ရှိတယ်။

**'ဒသရဲ့ အနုပညာဟန်'**

ဘီလူးခေါင်းဆောင်းထားတဲ့ သရုပ်ဆောင်ဟာ မြေဝိုင်းအလယ်ကို ကျွမ်းတစ်ပတ်ပစ်ပြီး ဝင်လာတယ်။ ဘီလူးဟန် ဖနောင့်ပေါက်ပြီး လက်တစ်ဖက်က နဖူးနားကပ်ကာ ပတ်ဝန်းကျင်ကို ကြည့်ဟန်ပြုတယ်။ အင်္ကျီက အဖြူရောင်၊ မင်းသားဝတ်အင်္ကျီမှာ အပေါ်ဘက်က ဘယ်ညာရွှေစလွယ်သိုင်းတယ်။ အင်္ကျီရဲ့ နောက်ဘက်မှာ အနီ(အမြိတ်)ပါတယ်။ မင်းသားဘောင်းဘီရဲ့အပေါ်က ပုဆိုးကို ခါးတောင်းကျိုက်တယ်။ ဘယ်ညာခြေထောက်နှစ်ဖက်မှာ ခြေကျင်းဝတ်ပြီး ခြေနင်းသဏ္ဍာန် ကင်းပတ်ဖိနပ်ဖြူကို စီးတယ်။

ကဟန်က အင်မတန် သွက်လက်တယ်။ ခေါင်းညိတ်ဟန်၊ လက်ကွေးဟန်၊ ဝန်းကျင်ကို ကြည့်ရှုဟန်၊ ဖနောင့်ပေါက်ဟန်၊ ခြေကြွဟန်တို့က သူတို့ရဲ့ အမျိုးသားလက္ခဏာဟန်ပေါ်လွင်တယ်။ သီတာဒေဝီအနီး ကဟန်နဲ့ ချဉ်းကပ်ပုံဟာ တစ်စုံတစ်ရာကို ပြောဆိုနေသလိုပါပဲ။ ဒီကကွက်မှာ နောက်ခံဂီတကို ပတ္တလားက ဦးဆောင်ပါတယ်။ စမ်းရေစီးသံလို ငြိမ့်ညောင်းတဲ့ ပတ္တလားရဲ့ သံစဉ်ကြားမှာ ဗုံတိုသံနဲ့ လင်းကွင်းသံကိုလည်း စည်းဝါးတကျ ကြားနေရတယ်။

**ပြကွက်(၅)'အာခါမောင်မယ်နှစ်သက်ဖွယ်အက'**

အာခါလူမျိုးတွေကို မြန်မာနိုင်ငံတွင် မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းလား စတဲ့ ရှမ်းအရှေ့ဒေသများမှာ ပျံ့နှံ့နေထိုင်ကြတာကို တွေ့ရပါတယ်။ ကျွန်တော်က ရှမ်းအရှေ့ဒေသမှာ ပညာရေးဝန်ထမ်းဘဝနဲ့ ကျင်လည်ခဲ့သူမို့ အာခါလူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေနဲ့ ရင်းနှီးခဲ့ပါတယ်။ အာခါလူမျိုးတွေရဲ့ မျက်နှာဖွဲ့စည်းပုံ၊အသားအရေ၊ လူပုံပန်းသဏ္ဍာန်တို့ဟာ ဗမာတိုင်းရင်းသားနဲ့ အတော်ဆင်ပါတယ်။

စာပေမှာ အာခါက ဗမာတိုင်းရင်းသားလို ကိုယ်ပိုင်အက္ခရာမရှိတာကြောင့် ပြောတဲ့စကားသံကို ရိုမန်(Roman)အက္ခရာနဲ့ ရေးပါတယ်။ ဒါက ခရစ်ယာန်သာသနာပြုတွေရဲ့ ကောင်းမှုကြောင့်လို့ ထင်ပါတယ်။ အာခါစကားမှာ သဒ္ဒါဖွဲ့ပုံက ဗမာနဲ့တူတာကြောင့် ဗမာနဲ့အာခါအတူ ရောနှောနေကြရင် ဗမာက အာခါစကားတတ်လွယ်သလို အာခါကလည်း ဗမာစကားတတ်သွားပါတယ်။ အာခါတွေရဲ့ လူနေမှုစနစ်က ရိုးသားတယ်။ အိမ်ပေါ်မှာ မီးဖိုထားရှိတယ်။ အစားအသောက်ချက်ပြုတ်ရာမှာ ဆီနည်းနည်းပဲ သုံးပါတယ်။ ဗမာက ကွမ်းစားသလို အာခါတွေကလည်း ကွမ်းကြိုက်တာကြောင့် ကွမ်းစားတဲ့ အာခါတွေရဲ့ ပါးစပ်ကိုကြည့်ရင် နီရဲပြီး သွားတွေက မည်းနက်နေတာကို တွေ့ရပါတယ်။

ထိုင်းနိုင်ငံမြောက်ပိုင်းနဲ့ မြန်မာနိုင်ငံအရှေ့ဘက် နယ်နိမိတ်ကြား တောင်ပေါ်ဒေသတွေမှာ မြန်မာတိုင်းရင်းသား၊ အာခါ၊ လားဟူ၊ ကယား အနွယ် ပဒေါင်စတဲ့ တိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ သူတို့ကို ဟိုယခင်က တောင်ပေါ်နေ တိုင်းရင်းသားလို့ သတ်မှတ်ကြတယ်။ မျက်မှောက်ကာလမှာ ငြိမ်းချမ်းစွာနဲ့ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာကြတယ်လို့ ဆိုတယ်။ မျက်မှောက်ကာလ ထိုင်းနိုင်ငံမြောက်ပိုင်းရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးမှာ ဒီတောင်ပေါ်တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု ထုံးဓလေ့နဲ့ သုခုမအနုပညာတွေက အရေးပါလာတာကို တွေ့မြင်ရတယ်။

ယခုချင်းမိုင်မှာ တွေ့ရတဲ့ အာခါဝတ်စုံက အနက်(သို့မဟုတ်) နက်ပြာရောင် ချည်သားဝတ်စုံဖြစ်တယ်။ အာခါမတွေရဲ့ ခေါင်းဆောင်းမှာ ငွေဒင်္ဂါးပြားတွေ စီပြီး လှလှပပပုံဖော်ထားတယ်။ အင်္ကျီက ရင်ပိုင်းအပေါ်ဘက် ဖော်ထားပြီး ချပ်ချပ်ရပ်ရပ်ရှိတယ်။ သူတို့ရဲ့ စကတ်တိုဟာ ဒူးအထက်နား ရောက်တယ်။ ခြေသလုံးဖုံးတဲ့ အနက်ရောင်ချည်သားမှာ အနီရောင်ကန့်လန့်စင်းတွေပါတယ်။ အမျိုးသားဝတ်စုံက နက်ပြာရောင် ခေါင်းပေါင်း၊ တိုက်ပုံလို ရင်စီးနဲ့ ဘောင်းဘီပွကို ဝတ်ဆင်တယ်။ ခေါင်းပေါင်းပတ်လည်ကို အဖြူရောင်ချည်သားအတွန့်ကလေးတွေနဲ့ ပုံဖော်တယ်။ အင်္ကျီရဲ့ ရင်စီးနဲ့ လက်ကောက်ဝတ်နေရာမှာ အနီရောင်အစင်းကလေးတွေပါတယ်။

မောင်မယ်စုံညီအတွဲ လေးတွဲဟာ မြူးကြွတဲ့ သံစဉ်နဲ့အတူ လက်လွှဲခြင်း၊ ခြေမြှောက်ခြင်း၊ လက်ခုပ်တီးခြင်း၊ ခုန်ပေါက်ခြင်း၊ ခါးထောက်ခြင်း စတဲ့ ကိုယ်ဟန်အမူအရာတွေကို ညီညီညာညာနဲ့ သွက်သွက်လက်လက် လုပ်ဆောင်နိုင်တာကြောင့် ရွှေဧည့်သည်တွေရဲ့ လက်ခုပ်သံကို ရယူနိုင်ကြတယ်။နောက်ဆုံးတော့ ပွန်းတယောသံ တန္တွဲ့၊ ဘင်သံက တဗုံဗုံ၊ လင်းကွင်းသံက တချွမ်းချွမ်း၊ ဆောင်းနှောင်းလက်ကျန် နွေဦးညမှာ လမုန်းမောင်မယ်တို့ရဲ့ ယဉ်မှုရာအကမှာ စီးမျောရင်း ကျွန်တော်အဖွဲ့တို့လည်း တည်းခိုရာ ဖုရာမ (FURAMA)ဟိုတယ်ကို ညဉ့်နက်မှပဲ ပြန်ရောက်ခဲ့ကြပါတယ်။

**သန်းစိုးအောင်**

## 'အောင်မြင်ကြီးပွား ရွှေစကား'စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ကျောက်ဆည် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနတွင် ကောင်းပြည့်သော် ရေးသားသည့် 'အောင်မြင်ကြီးပွား ရွှေစကား' စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။



စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင် ရရှိမည့် အကျိုးကျေးဇူးများနှင့် စာပေဖတ်ရှုမှသာ ဗဟုသုတ ပြည့်စုံမည့် ထူးချွန်သူများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော် ကျောက်ဆည်)က ကောင်းပြည့်သော်ရေးသားသည့် 'အောင်မြင်ကြီးပွား ရွှေစကား' စာအုပ်မှ သတိနှင့်ယှဉ်ပါ၊ ဖြူမှချမ်းသာ၊ စိတ်ဖိုးကို လေးစားပါ၊ မှန်ကန်တဲ့ ရပ်တည်ချက်ရှိပါစေ၊ ဘဝထဲက အမှိုက်များ၊ အလှမ်းမဝေးပါ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြော

**မန္တလေး မတ် ၁၉**

အနာဂတ်၏ သားကောင်းရတနာများဖြစ်ကြသည့် လူငယ်၊ လူရွယ်များ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိနားလည်ပြီး ရှောင်ကြဉ်နိုင်စေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်များသည် နိုင်ငံ၏ အားကိုးအားထားပြုရမည့် အင်အားစုများဖြစ်ကြောင်း၊ လက်ရှိကာလတွင် ခေတ်မီဆန်းသစ်လာသော မူးယစ်ဆေးဝါးများက လူ့ပတ်ဝန်းကျင်တွင် ပုံစံအမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်နေသဖြင့် အထူးဂရုပြုရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးသည် လူတစ်ယောက်၏ အသက်ကို ဆုံးရှုံးစေရုံသာမက လူမျိုးနွယ်ကိုပါ ပျက်သုဉ်းစေသော အင်အားကြီး အဖျက်သမားပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် လူ့ညွှန့်တုံးသည်အထိ ဖြစ်စေနိုင်သောကြောင့် မူးယစ်ဆေးဝါးကို အသုံးမပြုမိအောင် သတိပြုရှောင်ရှားစေလိုကြောင်း ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား အသိပညာပေး ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များနှင့်



သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**အလင်းသစ်**

**(ချမ်း/စည်ပြန်/ဆက်)**

*-*-*-*-*

## နွေရာသီ အခြေခံတရုတ်စာ၊ တရုတ်ဘာသာစကားသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၁၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ရန်အောင်မင်္ဂလာလမ်း၊ ခနွောတိုက်အတွင်းရှိ အမှတ်(၂၅) ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း [YEC ရတနာပန်းခင်း မိဘမဲ့ကျောင်း]တွင် မတ် ၁၈ ရက် နံနက်ပိုင်းက ထိုင်ဝမ်ဖောင်ဒေးရှင်းမှ ပံ့ပိုးကူညီမှုဖြင့် နွေရာသီ အခြေခံတရုတ်စာ၊ တရုတ်ဘာသာစကားသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ YEC ရတနာပန်းခင်း မိဘမဲ့ကျောင်း တာဝန်ခံဆရာတော် ဘဒ္ဒန္တသောဘနက အဖွင့် ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပြသမည့် နည်းပြဆရာ၊ ဆရာမများက တစ်ဦးချင်းစီ မိတ်ဆက်စကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသည် သင်တန်းကာလ သုံးလတာ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၀)




## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းမြတ်က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးက မိမိတို့ ကြိုက်နှစ်သက်ရာ ကဗျာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**နောင်နောင်(မိသနိုးမြေ)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မီးဘေးကြိုတင်ကာကွယ်ပါ

* ပွင့်လင်းရာသီရောက်လို့လာ
နီးနီးကြားကြား နေကြပါ ။
အိမ်ရှိလူတိုင်း သတိထား
မီးဘေးအန္တရာယ်များ ။

* ကလေးသူငယ်များ အနားမှာ
မီးဖိုမီးများ မထားသင့်ပါ ။
အုပ်ထိန်းသူ လူကြီးများ
ဂရုတစိုက် စောင့်ကြည့်ထား ။

* လျှပ်စစ်ပစ္စည်း သုံးရင်ကွယ်
ရှော့မဖြစ်စေဖို့ရယ် ။
ဟောင်းနွမ်းဝါယာကြိုးခွေများ
EPC အကြောင်းကြား လဲလှယ်ထား ။

* မီးလောင်ရတဲ့ အကြောင်းမှာ
ပေါ့ဆမှုက အများဆုံးပါ ။
သူခိုး ခိုးရင် ကျန်ရှာသေး
မီးခိုးရင်တော့ ကုန်ပြီလေး ။

* ယနေ့ လက်ရှိအချိန်အခါ
အဆင့်မြင့် မီးသတ်ကားနဲ့ပါ ။
သက်စွန့်ဆံဖျား မီးသတ်သမား
မီးညွှန့်ကျိုးဖို့ ငြိမ်းသတ်ထား ။

* မီးသတ်ကားများ မောင်းလာရင်
လမ်းကြောင်းလေးများ ရှင်းကြအစဉ်
ဝင်၊ ထွက်လမ်းများ ကောင်းမွန်မှ
မီးငြိမ်းသတ်ရတာ လွယ်ကူလှ ။

* ရန်သူမျိုး ငါးပါးမှာ
အင်မတန်ပဲ ဆိုးဝါးတာ
သူခိုးထားပြထက်ဆိုးတဲ့ ရန်သူမို့
မီးဘေးကြိုတင်ကာကွယ်စို့ ။ ။

သန်းနိုင်စိုး(မန္တလေး)



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့်စုံညီတွေ့ဆုံပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး



**မန္တလေး မတ် ၁၉**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) နှစ်(၄၀) ပြည့် ပတ္တမြားရတု အာစရိယ ပူဇော်ပွဲနှင့် ကျောင်းသားစုံညီ တွေ့ဆုံပွဲဖြစ်မြောက်ရေးညှိနှိုင်း အစည်းအဝေးကို မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ စတုတ္ထနှစ် စာသင်ဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ၊ ဒေါက်တာဘဒ္ဒန္တကုမုဒ၊ မော်ကွန်းထိန်းဆရာတော် အမှူးပြုသော ပါမောက္ခ၊ ဌာနမှူး ဆရာတော်များ၊ တွဲဖက်ပါမောက္ခ၊ ကထိကဆရာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှစ်(၄၀)ပြည့် ပတ္တမြားရတုပွဲကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀ရက်များတွင် ကျင်းပမည်ဖြစ်ပြီး နှစ်(၃၀) ပြည့် ပုလဲရတုပွဲတွင် ပူဇော်ခဲ့သော သက်ရှိထင်ရှားဆရာတော်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ ပညာရေး၊တောင်တန်းသာသနာပြု၊ ပရဟိတ၊ ဘကကျောင်း၊ စာသင်တိုက်ဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပြခန်းပြုလုပ်ခြင်း၊ နိကာယသံဃာတော်များ၏ လိပ်စာစာအုပ် ပြုစုခြင်း၊ နှစ်(၄၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်ထုတ်ဝေရေးနှင့် ခြောက်နှစ်ဆက်တိုက် ပထမရသည့် အရှင်မြတ်နှစ်ပါးတို့အား ဆုချီးမြှင့်နိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(ဝ၄၅)



# ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မတ် ၁၉**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တကေသဝ(မြွာစရိယ၊ B.A)ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး မန္တလေးမြို့နေ ဦးတင်ဝင်းနိုင် +ဒေါ်ခင်ခင်လေး၊ (သားအမြွှာ) မင်းသန့်ကိုကို၊ မင်းသန်းညီညီ မိသားစုက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၇၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**PNT**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၈၆လမ်းနှင့်၄၂လမ်းနေ ဦးရွှေလှ၏ (၆၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဒေါ်အားကျာမိသားစုက တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ငါးသိန်းနှင့် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းတို့ကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။ (ယာပုံ) (ကဆ)



# ပြည်သူ ၂၀၀ ဦးအတွက် သောက်သုံးရေ ဂါလန် ၁၈၀၀ သွားရောက်လှူဒါန်း



**လားရှိုး မတ် ၁၉**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၁)ရှိ သောက်သုံးရေလိုအပ်လျက်ရှိသည့် ပြည်သူများသို့ ယမန်နေ့က သောက်သုံးရေ ဂါလန် ၁၈၀၀ ကို သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လားရှိုးခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးသီရိသွယ်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ရပ်ကွက်(၁)နယ်မြေ(၉)ရှိ သောက်သုံးရေ လိုအပ်လျက်ရှိသည့် လူဦးရေ ၂၀၀ ဦးတို့အတွက် သောက်သုံးရေ ဂါလန် ၁၈၀၀ ကို ပြည်သူများ အဆင်ပြေစေရေးအတွက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းပညာ(အပ်ချုပ်စက်)ဖြင့် လက်တွေ့အသုံးချနေမှုအား ကွင်းဆင်းကြည့်ရှု

**မိုင်းယောင်း မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းပညာ(အပ်ချုပ်စက်)ဖြင့် လက်တွေ့အသုံးချနေမှုအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က အမှတ်(၁)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၉) ရပ်ကွက်တို့တွင် စက်ချုပ်ပညာဖြင့် မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်ရန် မြို့နယ်ထွေ/အုပ်မှ အမှုထမ်းများ အသက်မွေးဝမ်းကျောင်းပညာ(အပ်ချုပ်စက်)ဖြင့် လက်တွေ့အသုံးချ အကောင်အထည်ဖော်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**



# (၁၃၁)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး မတ် ၁၉**

မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)လုံခြုံရေးဌာနမှ ဦးမြင့်လွင်(လူမှုထူးချွန်ပထမဆင့်)ခန္တာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်သည် ယမန်နေ့က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်တွင် ဓိဝိတဒါနအဖြစ် (၁၃၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၀)



# ဘားအံမြို့နယ် တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၉**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့်အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ တံတားဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းအား ရေရှည်တည်တံ့အောင် ကျေးရွာမှ ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ တံတားဦးကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၂၄၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ပေ၊ အနံ ၁၀ပေ၊ အမြင့် ပေ ၂၀ရှိ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၀ ဒသမ ၄၄သန်းဖြင့် တင်ဒါအောင်မြင်သည့် New Conquest Co.,Ltd. က ၂၀၂၅ နှစ်၊ ဇွန် ၂၆ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လှ

# နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာတွေ ဘယ်လိုဖြစ်လာတာလဲ

ယနေ့ မြန်မာပြည်မှာ နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာတွေ အဖြစ်များလာတာတွေ့ရပါတယ်။ ဘာကြောင့်အဖြစ်များလာတာလဲ။ နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်တာတွေကို ဘယ်အရာတွေနဲ့ တားဆီးနိုင်မလဲ၊ သက်သာစေနိုင်မလဲ။ လေ့လာကြည့်ရအောင်။

ပထမဆုံး နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာတွေ ဖြစ်စေနိုင်တဲ့အကြောင်းအရာတွေကို သိဖို့လိုပါတယ်။

၁။ ကုန်းသတ္တဝါတွေရဲ့အသား၊ အဆီ၊ အခေါက်၊ ဝမ်းတွင်းကလီစာတွေ အစားများတာ

၂။ ငါးစားသုံးမှုနည်းတာ

၃။ အုန်းဆီ၊ အုန်းနို့၊ ထောပတ်နဲ့ ပြည့်ဝအဆီတွေ အစားများတာ

၄။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအစားနည်းတာ

၅။ အစားကြူးတာ၊ အလွန်အမင်းစားတာ

၆။ အချိုသကြားအစားများတာ

၇။ ကိုယ်လက်လှုပ်ရှားမှုနည်းတာ၊ အထိုင်အအိပ်များတာ


၈။ ခန္ဓာကိုယ်အတွင်းက ဝမ်းမီးအားကျတာတွေကြောင့် နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာတွေဖြစ်လာတာပါ။

ဝက်သား၊ ဝက်ဆီ၊ ဝက်ခေါက်တွေ၊ ပုစွန်ထုပ်ကြီးတွေ၊ အမဲနှပ်တွေ၊ ဆီဥထောပတ်တွေ စားကောင်းကောင်းနဲ့ စားလိုက်ကြတာအလွန်အမင်းပဲ။ အဲ့ဒီလိုစားလို့ ကိုယ်လက်လှုပ်ရှားလုပ်တယ်ဆိုတော်သေးရဲ့။ ခန္ဓာကိုယ်က လောင်ကျွမ်းပစ်ပြီး ဒုက္ခမဖြစ်နိုင်ဘူး။ အဆီအဆိမ့်၊ အချိုအအိမ့်တွေ ထင်တိုင်းစားပြီး ဘာကိုယ်လက်လှုပ်ရှားမှုမှ မရှိတော့ ဘယ်လိုလုပ် လောင်ကျွမ်းတော့မှာလဲ။ မလောင်ကျွမ်းတဲ့အဆီတွေ၊ အချိုဓာတ်တွေကလည်း ခန္ဓာကိုယ်ကြီးကို ပြန်ပြီးဒုက္ခပေးပါတော့တယ်။

အဆီ၊ အဆိမ့်၊ အချိုတွေပါတဲ့ဟာတွေကို ကိုယ်တွင်းအင်္ဂါတွေရဲ့ အဆင့်ဆင့်လုပ်ဆောင်ချက်နဲ့ နောက်ဆုံးမှာ သွေးဖြစ်သွားတယ်။ အဲ့ဒီသွေးထဲမှာ ခုနကစားထားတဲ့ အချို၊ အဆီ၊ အဆိမ့်တွေကရတဲ့ အဆီဓာတ်တွေပါလာတယ်။ စားပါများလို့ အဆီဓာတ်တွေ သွေးထဲမှာ များလာတာနဲ့အမျှ သွေးကြောတွေထဲမှာ အဆီတွေ များသထက်များလာမယ်။

များလာတဲ့အဆီဥတွေ အဆီဓာတ်တွေဟာ သွေးကြောအတွင်း နံရံတွေမှာ တွယ်ကပ်လာမယ်။ တွယ်ကပ်ပါများလာတော့ သွေးကြောကျဉ်းလာတယ်။ သွေးကြောတွေကျဉ်းလာတာနဲ့အမျှ သွေးတွေက သွေးကြောထဲ မနည်းတိုးပြီးဝင်ရတော့ သွေးတိုးပါလေရော။ သွေးကြောပေါက်တာတွေ ဖြစ်ပါလေရောလား။

အဲ့ဒီလိုဖြစ်လာချိန်မှာ သွေးကြောထဲက အဆီဓာတ်တွေကို ဖျော်ချပေးနိုင်တဲ့ အစားအစာတွေ ပေါပေါများများ စားပေးရင်တော့ အဆီပိတ်တာ၊ သွေးကြောကျဉ်းတာတွေကနေ လွတ်ကင်းနိုင်ပါတယ်။ အဆီဓာတ်တွေ၊ အဆီခဲတွေ ဖျော်ပေး၊ ဖျော်ပစ်မယ့် အစာတွေကတော့ ငရုတ်သီး၊ လေးညှင်း၊ နနွင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း(ဂျင်း)၊ ကြွက်နားရွက်မှို၊ စပျစ်သီးအနီ၊ သံလွင်ဆီတွေပဲ ဖြစ်ပါတယ်။ အဲ့ဒါတွေလည်းစားမယ်၊ အဆီ၊ အဆိမ့်တွေလည်း ရှောင်မယ်၊ လျှော့မယ်ဆိုရင်တော့ သွေးကြောကျဉ်းတာ၊ ပိတ်တာတွေကို ဟိုး Stop လုပ်နိုင်ပါလိမ့်မယ်။ အစားအသောက်မဆင်ခြင်ရင်တော့ အိုး My God ဖြစ်သွားပါလိမ့်မယ်။




ပြောခဲ့တဲ့ အဆီဓာတ်တွေကနေ ကိုလက်စထရော(Cholesterol)တွေဖြစ်သွားတယ်။ ကိုလက်စထရောတွေ များလာတာနဲ့အမျှ နောက်ဆုံးမှာ သွေးကြောတွေပိတ်လာပါရော။ အဲ့ဒီအခါမှာ (Heart Attack) လို့ခေါ်တဲ့ နှလုံးတိုက်ခိုက်ခံရတာ၊ ဦးနှောက်သွေးကြောပိတ်တာ၊ ပေါက်တာတွေဖြစ်ပြီး ရုတ်တရက်သေဆုံးတာ၊ လေဖြတ်သွားတာ၊ လေငန်းဖြစ်တာတွေဖြစ်ကြပြီး ဘဝအနေမလှကြတော့ဘူး။

ဒီတော့ သွေးကြောကျဉ်း၊ သွေးကြောပိတ်၊ နှလုံးတိုက်ခိုက်ခံရတာ၊ လေဖြတ်တာမျိုးတွေနဲ့ မကြုံရလေအောင် ဘာလုပ်ကြမလဲ။ ကာကွယ်ရေးလုပ်ကြရမယ်။ အဆီအဆိမ့်၊ အချိုအအိမ့်တွေ လျှော့စားရမယ်။ ချင့်ချိန်စားရမယ်၊ ဆင်ခြင်စားရမယ်။

တစ်ဖက်ကလည်း နေ့တိုင်းနေ့တိုင်း နနွင်းစားပေးရမယ်။ နနွင်းစားပေးခြင်းအားဖြင့် ခန္ဓာကိုယ်ထဲမှာ သွေးကြောတွေ ကျယ်လာမယ်။ သွေးလည်ပတ်မှုကောင်းလာမယ်။ သွေးကြောထဲပိတ်နေတဲ့ မကောင်းတဲ့ ကိုလက်စထရောတွေ နည်းစေမယ်။ နှလုံးခုန်တာတွေ၊ နှလုံးညှစ်အားတွေ မှန်လာမယ်။ ဝမ်းမီးအားလည်း ကောင်းစေမယ်။ ချွေးထွက်မှန်မယ်။ ကိုယ်ငွေ့မှန်မယ်။

ဝမ်းမီးအားကောင်းတဲ့အတွက် အစာကြေကျက်အားကောင်းမယ်။ အစာကြေကျက်အားကောင်းတာနဲ့အမျှ အစာမကြေတာ၊ ရင်ပြည့်ရင်ကယ်ဖြစ်တာ၊ စားချဉ်ပြန်တာ၊ လေပျို့လေအန်ဖြစ်တာမျိုးတွေပါ ကင်းရှင်းမယ်။ ခန္ဓာကိုယ်အတွက် အာနိသင်ကောင်းတဲ့ အာဟာရဓာတ်၊ ရသရည်တွေဖြစ်စေမယ်။ ရသရည်ကောင်းတွေဖြစ်စေတာနဲ့အမျှ သွေးကောင်းသွေးသန့်တွေ ဆင့်ကဲဖြစ်စေမယ်။

ဒါတွေက နနွင်းကို ပုံမှန်စားပေးရုံနဲ့ ရရှိလာမယ့် ရလဒ်ကောင်းတွေပဲ။ ဒါကြောင့် သွေးကြောကျဉ်းတာ၊ ပိတ်တာ၊ အဝလွန်တာ၊ ကိုယ်တွင်းအဆီဓာတ်များနေတာတွေအတွက် စျေးနှုန်းလည်းသက်သာ



အကုန်အကျလည်းနည်း ရှာဖွေဝယ်ယူရတာလည်း လွယ်တဲ့ နနွင်းကို အလေးထားအရေးပေး စားသုံးသင့်ပါတယ်။

အခုဆိုရင် အမေရိကန်တွေဟာ နနွင်းကို အင်မတန် စိတ်ဝင်စားလာကြပါတယ်။ နနွင်းကို အသေအချာ ဓာတ်ခွဲစမ်းသပ်ချက်တွေ လုပ်ကြပါတယ်။ သူတို့လုပ်တဲ့စမ်းသပ်ချက်တွေအရ နှလုံးသွေးကြောရောဂါသည်တွေအတွက် ဝမ်းမြောက်ကျေနပ်စရာ အချက်သုံးချက် တွေ့ရပါတယ်။

၁။ သွေးမခဲအောင်၊ သွေးခဲခဲ့ရင်လည်း နှလုံးမှာ လာမပိတ်နိုင်အောင် ပြုလုပ်ပေးနိုင်တဲ့အာနိသင် (Anti Platelet Action)

၂။ သွေးထဲမှာရှိနေတဲ့ မကောင်းတဲ့အဆီ ကိုလက်စထရောတွေကို ချပေးနိုင်တဲ့အာနိသင်

၃။ သွေးကြောတွေ ရောင်ရမ်းခြင်းမရှိအောင် တားဆီးပေးနိုင်တဲ့အာနိသင်(Anti Imflamation Action)တွေပဲဖြစ်ပါတယ်။

တကယ်အကျိုးများတဲ့ တွေ့ရှိချက်တွေပဲ ဖြစ်ပါတယ်။

ဗဟုသုတအနေနဲ့ပြောရရင် သွေးခဲတာကို ကျေပျက်စေတဲ့ဆေးတစ်မျိုးဖြစ်တဲ့ ကော်မာဒင်း (Coumadin)ကို လေ့လာကြည့်လိုက်တော့ နနွင်းကနေ ထုတ်တယ်ဆိုတာ သိရတယ်။

သွေးကျဲဆေးတွေဖြစ်တဲ့ အက်စ်ပရင် (Asprin)၊ (War farin) တို့လိုလည်း နနွင်းမှာ အာနိသင်ရှိတယ်လို့ သိရပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ပြောရရင် နှလုံးသွေးကြောကျဉ်းတာ၊ သွေးကြောအဆီပိတ်တာ၊ ကိုယ်တွင်းမကောင်းတဲ့ အဆီဓာတ်တွေများတာ၊ လေဖြတ်တာ၊ ဦးနှောက်သွေးကြောပြတ်တာ၊ နှလုံးတိုက်ခိုက်ခံရတာမျိုးတွေ မဖြစ်ချင်ဘူးဆိုရင် နနွင်းကို အစဉ်ထာဝရမှီဝဲကြပါလို့ တိုက်တွန်းစကားဆိုပါရစေ။

**မျိုးထက်**

## ဆောင်းနှမ်းစိုက်ကေအားလုံးရိတ်သိမ်း တင်း ၂၃၀၄၈၈ ထွက်ရှိ

**ကျွန်းလှ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ်ဆောင်းရာသီ၌ စိုက်ပျိုးသော နှမ်းစိုက်ကေအားလုံး ရိတ်သိမ်းပြီး တင်း ၂၃၀၄၈၈ ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် နှမ်းသီးနှံ စိုက်ပျိုးဖို့ ၁၄၀၃၃ ဧကလျာထားပြီး ၁၄၀၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုအခါ စိုက်ကေအားလုံး ရိတ်သိမ်းပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၂ တင်းထွက်ရှိပါတယ်။ စိုက်နည်းစနစ်မှန်ကန်ဖို့နဲ့ စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းအသိပညာပေးခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၄၂၄၅ ဧက၊ နှမ်း ၁၄၀၃၇ ဧက၊ နေကြာ ၁၂၃၁ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက၊ မုန်ညင်းစေ့ ၄၅၂ ဧက စုစုပေါင်း ၃၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။(ဝဲပုံ)

(၄၈၀)



**မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ မတ် ၁၇ ရက် နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃) တပ်ခွဲမှူး တင်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက အကြိမ်(၂၄၀)မြောက်အဖြစ် လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်နှင့် သာမဏေ အပါး ၁၅၀ အား အရဏ်ဘုံဆွမ်း လောင်းလှူကြစဉ်။**

**(၀၇၀)**

## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ငုံနိုင်(၉/မဟာမ(နိုင်)၀၅၅၆၇၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့်ပတ်သက်ပြီး Facebook လူမှုကွန်ရက်စာမျက်နှာမှ လည်းကောင်း၊ Messenger, Viber, Telegram, TikTok,Instagram တို့မှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ငုံနိုင်၏ပုံများ၊ မိသားစုပုံများကို တမင်ရည်ရွယ်၍ အကောင့်တုများဖွင့်ခြင်း၊ထိခိုက်နစ်နာစေမည်ကိုသိလျက်နှင့် အသေရေပျက်စေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းထိခိုက်စေရန်သော်လည်းကောင်း၊မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီး၍ ရေးသားစွပ်စွဲပြောဆိုခြင်း၊ ဖြန့်ဝေခြင်း၊ Messenger, Viber, Telegram, TikTok,Instagram တို့၌ Group ဖွဲ့ကာ ကာအိန္ဒြေကို ထိခိုက်စေသည့်စကားများ သုံးနှုန်းပြောဆို၍ တစ်ဆင့်ပြန်လည်မျှဝေခြင်း၊ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ခြောက်လှန့်နှောင့်ယှက်ခြင်းတို့အား မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြောဆိုရေးသားပြုလုပ်ဖြန့်ဝေသည့် တစ်ဆင့်ပြန်လည်မျှဝေသူများကို ကျွန်ုပ်မိတ်ဆွေအနေဖြင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်သက်ငုံနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သစင်ဖြိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၁၄၉ / ၂၀၂၃)**
**၁၁၀(A)လမ်းနှင့် ၁၁၁လမ်းကြား၊၆၄(C)လမ်း၊ မြို့သစ်(၄)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၉၅၉၅၃၁၃၀၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည–၇၃)၊ ဦးပိုင်အမှတ်(၄၂+၄၉)၊ ဧရိယာ(၀ ဒသမ ၁၁၀) ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးပိုင်ရှင်းခန့်(ဘ)ဦးလှစိုးဦး(၉/ခအဇ(နိုင်)၀၄၉၇၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းဟောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၃)၊ ဦးပိုင်အမှတ်(၄၀–ခ+၄၁+၄၂–ဃ) မြေကွက်ပေါ်တွင် ဒေါ်အေးအေးသန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၅၂၁၉၀)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ကန်ကောက်ရပ်ကွက်၊အကွက်အမှတ်(၅၁၄/၄)၊ဦးပိုင်အမှတ်(၈၃–ဈ+၈၃–ဆ)၊မြေကွက်ပေါ်တွင် ဒေါ်ဇာခြည်လင်းလင်း(ပါ–၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၉၂၄၂၈)က SS (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၂)၊ ဦးပိုင်အမှတ်(၅၇–ဃ)၊ မြေကွက်ပေါ်တွင် ဒေါ်သူဇာမိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၂၂၈၈)က SS (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၁)၊ ဦးပိုင်အမှတ်(၁–က+၁–ဃ)၊ မြေကွက်ပေါ်တွင် ဦးဝဏ္ဏလင်း(ပါ–၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၁၈၈၈၈၁)က RC (၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၃)၊ ဦးပိုင်အမှတ်(၆၂)၊ မြေကွက်ပေါ်တွင် ဒေါ်ကန်ကျုံရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၄၇၇၄)က SS (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၀၂)၊ ဦးပိုင်အမှတ်(၃၄)၊ မြေကွက်ပေါ်တွင် ဦးညီညီဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၃၆၁၃၂)က RC (၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၂၀)၊ ဦးပိုင်အမှတ်(၆၃–က)၊ မြေကွက်ပေါ်တွင် ဒေါ်မာမာစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/မမန(နိုင်)၁၂၃၂၇၈)က RC (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊အကွက်အမှတ်(၅၆၇)၊ ဦးပိုင်အမှတ်(၅၅) မြေကွက်ပေါ်တွင် ဒေါ်နွဲ့နွဲ့ရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မကတ(နိုင်) ၀၃၃၀၈၄)က RC(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ဦးပိုင်အမှတ်(၅၆+၅၇)၊ မြေကွက်ပေါ်တွင် ဦးဟန်ဝင်းစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၅၄၆၀၁)က SS(၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၅)၊ ဦးပိုင်အမှတ်(၅၁–ခ)၊ မြေကွက်ပေါ်တွင် ဦးဟန်ဝင်းသူ(ပါ–၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/လကန(နိုင်)၂၀၃၆၆၄)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၀)၊ ဦးပိုင်အမှတ်(၁၉–က)၊ မြေကွက်ပေါ်တွင် ဦးငွေးဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၇၈၅၅၉)က SS (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၃)၊ ဦးပိုင်အမှတ်(၁၃၂–က)၊ မြေကွက်ပေါ်တွင် ဦးဝင်း(ပါ–၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၃၀၅၄၄)က RC (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B–၄)၊ ဦးပိုင်အမှတ်(၁–ဌ+၁–ဍ)၊ မြေကွက်ပေါ်တွင် ဒေါ်တင်မိုးဇင်(ပါ–၃)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တကန(နိုင်)၀၀၁၄၇၃)က SS (၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ကဥ္စဏမဟီရပ်ကွက်၊အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၁၀၅–က)၊ မြေကွက်ပေါ်တွင် ဦးကျော်ဝင်းမြင့်(ပါ–၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်) ၀၆၇၅၂၀)က RC (၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသော နိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကို တွေ့နိုင်...

❖ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး " စစ်မှန်သော အမျိုးသားရေး စိတ်ဓာတ် " နိုင်ငံသားတိုင်းတွင် မရှိမဖြစ် ရှိနေကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ကွင်း၊ စိုက်ခြံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်းရွာ ရော်ဘာခြံ၌ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှု၊ အစေးလှီးထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာနှင့် ရော်ဘာထွက်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သောကြောင့် အောင်မြင်အောင်ကြိုးစားဆောင်ရွက်ရန်၊ အထွက်နှုန်းကောင်းမွန်စေရေး အတွက် ပင်ပြည့်၊ ကွက်ပြည့် အစေးလှီးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် အလေအလွင့်မရှိအောင် စနစ်တကျကြိုးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်မှုကြီးကြပ်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက် စက်မှုလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အတွက် လေ့လာသင်ယူခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်စက်မှုဇုန်ရှိ ထူးစက်မှုလက်မှုလုပ်ငန်း၌ ခေတ်မီစက်ကိရိယာပစ္စည်းများ အသုံးပြု၍ စက်ခုတ်စားနေမှု၊ လက်ဆွဲကောက်စိုက်စက်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စု ဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန စက်ရုံရှင်းလင်းဆောင်ခန်းမ၌ အဆိုပါဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ယခင်က ကြွေထည်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်ခဲ့သည့်အတွက် စက်ရုံရှိ နည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေးအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်မရှိလျှင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ မရသဖြင့် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဆိပ်ကမ်း မြေနေရာကိုလည်း အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိပ်ကမ်းမြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၄) အရက်ချက်စက်ရုံ(မော်လမြိုင်)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဌာနတာဝန်ခံနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စက်မှုဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပံ့ပိုးပေးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက်ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မက်ဆီ ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက်




လန်ဒန် မတ် ၁၉

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် အသင်း ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းက Nashville SC အသင်းကို တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝတစ်လျှောက်တွင် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အာဂျင်တီးနားအသင်းနှင့်အတူ ၁၁၅ ဂိုး၊ ဘာစီလိုနာအသင်းနှင့်အတူ ၆၇၂ ဂိုး၊ ပီအက်စ်ဂျီအသင်းနှင့်အတူ ၃၂ ဂိုး၊ ယခုအင်တာမိုင်ယာမီအသင်းနှင့်အတူ ၈၁ ဂိုး စုစုပေါင်း ဂိုး ၉၀၀ အထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလို ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်တဲ့ မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)

## ဟယ်ရီကိန်း ချန်ပီယံလိဂ် သွင်းဂိုး ၅၀ ပြည့်မြောက်

မြူးနစ် မတ် ၁၉

ဘိုင်ယန်မြူးနစ် အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကစားသမားဘဝ ချန်ပီယံလိဂ် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက အတ္တလန္တာအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ်ဂိုး ၅၀ သွင်းယူနိုင်သည့် ပထမဆုံး အင်္ဂလန် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

(NGB)

